# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝါဒ(ဓမ္မပဒ-၁၈၂)


၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက် | ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၇ ရက်၊ တနင်္လာနေ့ | အတွဲ(၆၅)၊ အမှတ်(၂၉၅)


**နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့**

**သစ်တောများမှ သစ်များ၊ ဝါး၊ ကြိမ်၊ ဆေးဖက်ဝင်အပင်၊ ပျားရည်၊ မှို၊ ငှက်သိုက် အစရှိသည့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၊ အစားအစာများ၊ ရေကောင်းရေသန့်များ၊ ဇီဝမျိုးစုံမျိုးကွဲများစသည့် စီးပွားရေးအရ အလွန်တန်ဖိုးရှိသော ထောက်ပံ့မှုဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးပါသည်။**

## မိုင်းနားအခြေပြု ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းအား ဆွတ်ဘွမ်ကုမ္ပဏီပိုင် ကုန်ချိန်းကွင်းအတွင်း ပြောင်းရွှေ့ဖွင့်လှစ်သွားမည်

မြစ်ကြီးနား ဇူလိုင် ၂၆

ကချင်ပြည်နယ် ကံပိုင်တည် နယ်စပ်ဂိတ်သည် ဒေသတွင်း ထွက်ရှိသော တစ်သျှူးငှက်ပျော အပါအဝင် အခြားသီးနှံများအား တရုတ်နိုင်ငံသို့ တင်ပို့ရာ အဓိက ကုန်သွယ်ရေးလမ်းကြောင်းတစ်ခု ဖြစ်သည်။ နယ်စပ်ကုန်စည်စီးဆင်းမှုများ အရှိန်အဟုန်မပျက် စီးဆင်းနိုင်ရေး၊ နိုင်ငံတော်မှရသင့်သည့် အခွန်အခများရရှိရေး၊ တရားမဝင် ကုန်စည်စီးဆင်းမှုများ ပပျောက်စေရေးအတွက် စနစ်တကျဖြင့် လုပ်ငန်းများ လည်ပတ်နိုင်ရန်

*စာမျက်နှာ ၃ ကော်လံ ၁* ❖




## အဝါရောင်အဆင့်မုန်တိုင်းငယ် မြန်မာနိုင်ငံဘက် ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

နေပြည်တော် ဇူလိုင် ၂၆

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ (ဩရိဿပြည်နယ်မြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ်)ကမ်းခြေတို့တွင်ဖြစ်ပေါ်နေသော အားကောင်းသော

*စာမျက်နှာ ၅ ကော်လံ ၁* ❐




## မြန်မာ့ဒီဂျစ်တယ်အနာဂတ်အတွက် အင်ဂျင်နီယာ၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာနှင့် စီးပွားရေးအသိုက်အဝန်းတို့ ပါဝင်ဆွေးနွေးသည့် iCEEt 2026 ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံ၏ ဒီဂျစ်တယ် အနာဂတ်၊ AI နည်းပညာအသုံးချမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် အင်ဂျင်နီယာ၊ ICT နှင့် စီးပွားရေးကဏ္ဍအသီးသီးမှ ပြည်တွင်း/ပြည်ပ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးသည့် "iCEEt 2026" ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ၏ AI အသင့်ဖြစ်မှု အင်ဂျင်နီယာဆိုင်ရာ

*စာမျက်နှာ ၃ ကော်လံ ၁* ❍




## စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်နိုင်ရေး အသိပညာပေးအဖြစ် ဘားအံမြို့ ကြာအင်းတောင်ခရီးစဉ်ဒေသ၌ စုပေါင်းအမှိုက်ကောက်

ဘားအံ ဇူလိုင် ၂၆

စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်နိုင်ရေးနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းသုံးစွဲမှုလျှော့ချနိုင်ရေး အသိပညာပေး လူထုလှုပ်ရှားဆောင်ရွက်မှုအနေဖြင့် ကရင်ပြည်နယ် ခရီးစဉ်ဒေသတစ်ခုဖြစ်သော ဘားအံမြို့ ကြာအင်းတောင် ခရီးစဉ်ဒေသ၌ ပြည်နယ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ကြာအင်းတောင်ချစ်သူများသည် ယနေ့တွင် စုပေါင်းအမှိုက်ကောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၅* ✻

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၂၆

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေနှင့်

*စာမျက်နှာ ၈ ကော်လံ ၁* ✻




## တာချီလိတ်မြို့နယ် မိုင်းပါလျှိုးကျေးရွာအုပ်စု၌ MPT မိုဘိုင်းစခန်းသစ် ဖွင့်လှစ်



ကျိုင်းလပ် ဇူလိုင် ၂၆

တာချီလိတ်မြို့နယ် မိုင်းပါလျှိုးကျေးရွာအုပ်စု ဝမ်လန်း(မိုင်းလန်း)ကျေးရွာတွင် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)၏ မိုဘိုင်းစခန်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအွန်ခမ်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ဦးစီးမှူး

*စာမျက်နှာ ၃ ကော်လံ ၅* ✣

### ယနေ့ သတင်းအညွှန်း


နိုင်ငံသားတိုင်းသိထားသင့်သော အခွန်ဆိုင်ရာအခွင့်အရေးနှင့် တာဝန်ဝတ္တရားများ — စာမျက်နှာ ၆

အလင်းရောင်နောက်က အမှောင်ရိပ်နှင့် တရားမဲ့ခြင်း၏ နိဒါန်း — စာမျက်နှာ ၁၂

တစ်ပတ်တာ ဖတ်စရာ မြန်မာရေးရာ ကမ္ဘာရေးရာ — စာမျက်နှာ ၁၃


## ဂျပန်ရောက် မြန်မာနိုင်ငံသားများ နိုတြီစာရွက်စာတမ်းအတု သတိပြုရန် မြန်မာသံရုံး(တိုကျို) အသိပေး

ရန်ကုန် ဇူလိုင် ၂၆

ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများ၏ နိုတြီစာရွက်စာတမ်း ထပ်ဆင့်ထောက်ခံချက်လျှောက်ထားမှုများတွင် ဂျပန်နိုင်ငံရှိ ပွဲစားများမှတစ်ဆင့် သက်ဆိုင်ရာအရာထမ်းများ၏ လက်မှတ်နှင့် တံဆိပ်များကို အတုအပပြုလုပ်ထားသည့် စာရွက်စာတမ်းများတွေ့ရှိရသဖြင့် သတိပြုကြရန် မြန်မာသံရုံး(တိုကျို)က ဇူလိုင် ၂၄ ရက်က အသိပေးချက်ထုတ်ပြန်ထားသည်။ *စာမျက်နှာ ၂ ကော်လံ ၃* ✣

# တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လို

**"စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုး မတိုးတက်စရာအကြောင်း မရှိပါဘူး။"**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

## မြန်မာ့ရိုးရာကြိုးဆွဲရုပ်သေးရုပ်ပြုလုပ်ခြင်း အတတ်ပညာသင်တန်း ဖွင့်လှစ်



**ရန်ကုန် ဇူလိုင် ၂၆**

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်း၍ မြန်မာ့ရိုးရာကြိုးဆွဲရုပ်သေးရုပ်ပြုလုပ်ခြင်း အတတ်ပညာသင်တန်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ဗဟန်းမြို့နယ်ရှိအနုပညာအထက်တန်းကျောင်း(ရန်ကုန်)၌ ကျင်းပသည်။

ဖွင့်ပွဲသို့ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရုပ်သေးပညာရှင်ကြီးများ၊ သင်တန်းအတွက် ကူညီပံ့ပိုးပေးသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်အတူ ဖွင့်လှစ်ပေးပြီး **(ယာပုံ)** အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က သင်တန်းအတွက် ကူညီပံ့ပိုးပေးသူများကို ကျေးဇူးတင်ဂုဏ်ပြုလွှာပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ရိုးရာကြိုးဆွဲရုပ်သေးရုပ်ပြုလုပ်သင်ကြားမှုများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသား သင်တန်းသူများအား အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ *ရှေ့ဖုံးမှ*

ဂေဟစနစ် တည်ဆောက်ခြင်း၊ ဆန်းသစ်တီထွင်မှု၊ တိုးတက်မှုနှင့် လွှမ်းခြုံမှုပါသော ဒီဂျစ်တယ်စီးပွားရေးကို မောင်းနှင်ခြင်း၊ မြန်မာဒီဂျစ်တယ်အပြောင်းအလဲ စုပေါင်းမျှော်မှန်းချက်နှင့် ကြိုးပမ်းအားထုတ်မှု ခေါင်းစဉ်အောက်တွင် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ စီးပွားရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးစွန့်ဦးတီထွင်ကွန်ရက်မှ တာဝန်ရှိသူတို့က AI စက်မှုလုပ်ငန်းအသင့်ဖြစ်မှု၊ ဒီဂျစ်တယ်လုပ်သားအင်အား မျိုးဆက်တည်ဆောက်ရေးနှင့် ကျွမ်းကျင်မှုဆိုင်ရာ စုစည်းထားသော ICT ကဏ္ဍ၏အမြင်၊ အင်ဂျင်နီယာလုပ်သားအင်အားတည်ဆောက်ရေးနှင့် AI ခေတ်တွင် သိပ္ပံနှင့်နည်းပညာစွမ်းဆောင်ရည် မြှင့်တင်ရေး၊ AI အထောက်အကူပြုမှုဝါဒနှင့် ဒီဂျစ်တယ်ဆန်းသစ်တီထွင်မှုဖွံ့ဖြိုးရေးတွင် အစိုးရ၏ အခန်းကဏ္ဍ၊ မြန်မာပုဂ္ဂလိကကဏ္ဍတွင် AI အသုံးပြုမှု၊ ဒီဂျစ်တယ်အပြောင်းအလဲဆိုင်ရာ စိန်ခေါ်မှုများနှင့် ဒီဂျစ်တယ်စီးပွားရေးတွင် စီးပွားရေးအသိုက်ဝန်း၏ အခန်းကဏ္ဍ၊ လူငယ်များ ဦးဆောင်သော ဒီဂျစ်တယ်ဆန်းသစ်မှု၊ Startup ဂေဟစနစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာ့ AI အပြောင်းအလဲတွင် နောက်မျိုးဆက်များ၏အခန်းကဏ္ဍ၊ MSME ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်နှင့် အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များ၏ ဒီဂျစ်တယ်နည်းပညာကဏ္ဍတွင် ပါဝင်ဆောင်ရွက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများကို ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဌွေးက အစိုးရ၊ တက္ကသိုလ်၊ စက်မှုလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေကြမည်ဖြစ်ပြီး AI ခေတ်နှင့်ကိုက်ညီသော အင်ဂျင်နီယာများကို ခေတ်မီပညာရေး၊ အသက်မွေးဝမ်းကျောင်းလေ့ကျင့်ရေးနှင့် တစ်သက်တာသင်ယူမှုမှ တစ်ဆင့် ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း၊ လူငယ်အင်ဂျင်နီယာများနှင့် စွန့်ဦးတီထွင်သူများကို အားပေးကာ Innovation နှင့် Entrepreneurship ကို မြှင့်တင်၍ Artificial Intelligence ကို ကျင့်ဝတ်၊ လုံခြုံမှုနှင့် လူမှုအကျိုးပြုရည်ရွယ်ချက်ကို အသုံးချပြီး WFEO၊ FEIAP နှင့် နိုင်ငံတကာ မိတ်ဖက်များနှင့်အတူ မြန်မာနိုင်ငံ၏ Digital Economy Roadmap 2030 ကို အကောင်အထည်ဖော်ရာတွင် ဆောင်ရွက်ကြမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ထို့ပြင် FEIAP ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအောင်ကျော်မြတ်၊ အင်ဂျင်နီယာပညာရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဇော်မင်းအောင်နှင့် တာဝန်ရှိသူများက အာရှ-ပစိဖိတ် အင်ဂျင်နီယာကဏ္ဍအခြေအနေ၊ ဒေသတွင်း AI စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် FEIAP၏ မျှော်မှန်းချက်၊ ရပ်ဝန်းနှင့် လမ်းကြောင်းတစ်လျှောက် AI ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသတွင်း ဒီဂျစ်တယ်ချိတ်ဆက်မှုနှင့် မြန်မာနိုင်ငံအတွက် ပူးပေါင်းဆောင်ရွက်ခွင့်ဆိုင်ရာများကို ဆွေးနွေးပြောကြားကြသည်။

ဆွေးနွေးပွဲတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ပေးပို့သည့် ဗီဒီယိုမိန့်ခွန်းကလစ်ကို ဖွင့်လှစ်ပြသခြင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လဲ့လဲ့သိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့အစည်းများအဖွဲ့ချုပ်မှ ပေးပို့လာသည့် ကမ္ဘာ့အင်ဂျင်နီယာဆိုင်ရာ ဦးဆောင်မှု၊ နိုင်ငံတကာ AI အုပ်ချုပ်မှုနှင့် ဒီဂျစ်တယ်အနာဂတ်ကို ပုံဖော်ရာတွင် အင်ဂျင်နီယာအသိုက်အဝန်း၏ အခန်းကဏ္ဍကို ဖွင့်လှစ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❈ *ရှေ့ဖုံးမှ*

ကြာအင်းတောင်ခရီးစဉ်ဒေသသည် ကရင်ပြည်နယ်၏ ခရီးစဉ်ဒေသ ၁၉ ခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ကရင်ပြည်နယ်၏ ခရီးစဉ်ဒေသများ သန့်ရှင်းသာယာလှပရေးအတွက် သက်ဆိုင်ရာ ခရီးစဉ်ဒေသချစ်သူများက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ အစိုးရရုံးပိတ်ရက် စနေ၊ တနင်္ဂနွေနေ့များတွင် အခါအားလျော်စွာ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကြာအင်းတောင် ခရီးစဉ်ဒေသ၌ ယနေ့ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကရင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သယံဇာတရေးရာဝန်ကြီး၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးတို့က သွားရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



❖ *ရှေ့ဖုံးမှ*

ဆွတ်ဘွမ်ကုမ္ပဏီပိုင် ကုန်ချိန်းကွင်း၌ ပြောင်းရွှေ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မိုင်းနားအခြေပြု ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းအား မိုင်းနားကျေးရွာအုပ်စုအတွင်းရှိ ဆွတ်ဘွမ်ကုမ္ပဏီပိုင်ခြံဝင်းအတွင်း စနစ်တကျဖွင့်လှစ်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းဆောင်ရွက်နေကြသည့် အသင်း/အဖွဲ့များမှ တာဝန်ရှိသူများနှင့် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းကို မိုင်းနားအခြေပြု နယ်စပ်ကုန်သွယ်ရေးစခန်းအဖြစ် ရွှေမိုးတောင်ခြေတွင် ယာယီစစ်ဆေးရေးရုံး ဖွင့်လှစ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိသော်လည်း ယခုအခါ မိုင်းနားကျေးရွာ-ဝေပါကျေးရွာ-ဝါရှောင်ကျေးရွာ ၁၃ ကီလိုသွားလမ်းမကြီးဘေးတွင်တည်ရှိပြီး ကုန်စည်စစ်ဆေးကြပ်မတ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်သော မြေဧရိယာ ငါးဧကကျော် အကျယ်အဝန်းရှိသည့် ဆွတ်ဘွမ်ကုမ္ပဏီပိုင် ကုန်ချိန်းကွင်းနေရာတွင် ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းသည် လတ်တလော မြေပြိုလမ်းပိတ်ဆို့မှုများကြောင့် ခေတ္တရပ်တန့်နေကြောင်း သိရသည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိုင်းနားကျေးရွာအုပ်စု လဝမ်(LBC) နှစ်ခြင်းအသင်းတော်ပိုင် ဩဘ်က်ဟိဒ်ခန်းမ၌ ဝိုင်းမော်မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ဗန်းမော်၊ ချီဖွေမြို့နယ်များမှ အဆိုပါကျေးရွာအုပ်စုအတွင်းရှိ မိုင်းနား၊ ငွေထု၊ မခေါယန်စသည့် ကျေးရွာများတွင် စခန်းများဖွင့်လှစ်၍ နေထိုင်လျက်ရှိသော ယာယီတိမ်းရှောင်ပြည်သူများနှင့် သွားရောက်တွေ့ဆုံပြီး ယာယီတိမ်းရှောင်စခန်းခုနစ်ခုမှ အိမ်ထောင်စု ၃၂၃ စု၊ လူဦးရေ ၁၆၂၅ ဦးအတွက် တစ်အိမ်ထောင်လျှင် ဆန် ၂၄ ပြည်ပါအိတ် တစ်အိတ်နှုန်းဖြင့် စုစုပေါင်း ဆန်အိတ် ၃၂၃ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

✥ *ရှေ့ဖုံးမှ*

ဦးဇော်လွင်ထွန်းနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးကျော်မျိုးဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ဦးစီးမှူးက မိုဘိုင်းစခန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ်များနှင့် ဒေသခံပြည်သူများရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ မိုဘိုင်းစခန်းသစ်သည် နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်း ၂၇ ခုအနက် တစ်ခုဖြစ်ပြီး ဆက်သွယ်ရေးလိုင်းအားနည်းနေသည့် နယ်စပ်နှင့် ကျေးလက်ဒေသများတွင် မိုဘိုင်းဖုန်းနှင့် အင်တာနက်ဝန်ဆောင်မှုများ ပိုမိုတည်ငြိမ်ကောင်းမွန်စေရန်၊ ဒီဂျစ်တယ်ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံမှုတိုးမြှင့်ရန်၊ ဒေသခံပြည်သူများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အရေးပေါ်ဆက်သွယ်ရေးကဏ္ဍများတွင် လျင်မြန်ထိရောက်သော ဝန်ဆောင်မှုများရရှိစေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



## မွန်ပြည်နယ် ဝန်ကြီးချုပ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

**မော်လမြိုင် ဇူလိုင် ၂၆**

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက ပေါင်မြို့နယ် အလှပ်ကျေးရွာ အုပ်စု ဆယ်အိမ်စုရပ် ပင်လယ်ကမ်းခြေ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အမှာစကား ပြောကြားပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ လူမှုရေး အဖွဲ့အစည်းများ၊ အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့်အတူ ဖြူးရွှေဝါ၊ သမဲ့ စသည့် ပျိုးပင်ပေါင်း ၁၂၁၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။(**အပေါ်ပုံ**)

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပေါင်မြို့နယ်အတွင်းရှိ မိုးစပါးများ စိုက်ပျိုးထားရှိမှု၊ အလှပ်ကျေးရွာရှိ အလှပ်ရေနံတားတာတမံ ကြံ့ခိုင်မှုနှင့် ပြန်လည်ပြင်ဆင် အဆင့်မြှင့်တင်ရေး လုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

## ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ယမန်နေ့က ချင်းပြည်နယ်အတွင်းရှိ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီအဖွဲ့ဝင်များနှင့် ကလေးမြို့ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။(**အောက်ပုံ**)

တွေ့ဆုံစဉ်တာဝန်ရှိသူများက ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ကလေး) ရှိ ဝန်ထမ်းများ၊ သင်တန်းသူများအား သွားရောက်တွေ့ဆုံ အမှာစကားပြောကြားပြီး ချီးမြှင့်ငွေများ ပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိ စားရိပ်သာနှင့် စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များနှင့်ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ကလေး) မှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး သင်တန်းကျောင်း အောင်ချက်ရာခိုင်နှုန်းများ ကောင်းမွန်စေရေး ကြိုးစားရန်မှာကြားကာ ချီးမြှင့်ငွေများ ပေးအပ်၍ ကျောင်းဝင်းအတွင်းရှိ စားရိပ်သာနှင့် အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ဧရာဝတီတိုင်းဒေသကြီး စားဆီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပုသိမ်မြို့၌ အလုပ်ရုံဆွေးနွေး

**ပုသိမ် ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီးအတွင်း စားသုံးဆီဖူလုံရေး၊ ဆီထွက်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးလာစေရန်နှင့် စားဆီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းများ ရှာဖွေဖော်ထုတ်ကာ တန်ဖိုးကွင်းဆက်တစ်လျှောက် အားပေးမြှင့်တင်ရန် ရည်ရွယ်၍ "ဧရာဝတီစားဆီဖူလုံဖို့ ဝိုင်းဝန်းကြိုးပမ်းကြပါစို့" ခေါင်းစဉ်ဖြင့် စားဆီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



အလုပ်ရုံဆွေးနွေးပွဲ ပထမပိုင်းတွင် ပညာရှင်များနှင့် တာဝန်ရှိသူများက စားဆီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးမှုနှင့် နည်းပညာများ ပံ့ပိုးပေးနိုင်မှု၊ ဒေသတွင်း စားဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်မှု၏ စိန်ခေါ်မှုများ၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ လျာထားကေပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းရောက်ရှိရေး၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သော စားဆီထုတ်လုပ်နိုင်ရေး၊ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် ပိုးသတ်ဆေးဓာတ်ကြွင်း အာနိသင်လျှော့ချရေးနည်းလမ်းများ၊ GAPလုပ်ငန်းစဉ်နှင့်အညီ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ စားဆီမူဝါဒ၊ တင်သွင်းမှုနှင့် ပြည်တွင်းစားဆီဈေးနှုန်းဖြစ်ပေါ်မှု အခြေအနေများကို ဆွေးနွေးကြသည်။

**နည်းလမ်းများဆွေးနွေး**

ဆွေးနွေးပွဲ ဒုတိယပိုင်းတွင် စိုက်ပျိုးရေးပညာရှင်များ၊ မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ တာဝန်ခံ၊ ဒေသတွင်း ဆီစက်လုပ်ငန်းရှင်၊ ဆီထွက်သီးနှံစိုက်တောင်သူ၊ လယ်ယာထွက်ကုန် အရည်အသွေးကျွမ်းကျင်သူများက စပါးကြိတ်ခွဲမှုများမှ ထွက်ရှိလာသည့် ဖွဲနုများမှ ဖွဲနုဆီများ ထုတ်လုပ်နိုင်ရေး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ် စိုက်ပျိုးမှုများ ပိုမိုတိုးတက်လာစေရေး၊ မျိုးကောင်းမျိုးသန့်များရရှိရေးနှင့် ပန်းတိုင်အထွက်နှုန်းရောက်ရှိရေး၊ အရည်အသွေးပြည့်မီသည့် ဆီများ ကြိတ်ခွဲ ထုတ်လုပ်နိုင်စေရေး၊ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် ပိုးသတ်ဆေးဓာတ်ကြွင်း အာနိသင်လျှော့ချရေး နည်းလမ်းများကို ဆွေးနွေးကြသည်။

ထို့ပြင် ခရိုင်အလိုက် အုပ်စုရှစ်ခုခွဲ၍ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ၊ မျိုး၊ သွင်းအားစုရယူသုံးစွဲမည့် အခြေအနေများ၊ ဆီထွက်သီးနှံ ရောင်းချနိုင်မှုများ၊ ဆီစက်များမှ ဝယ်ယူကြိတ်ခွဲမှု၊ ဈေးကွက်နှင့် ဈေးနှုန်းအခြေအနေများကို ဆွေးနွေးပြီး စွမ်းအင်ချွေတာနိုင်သော အသေးစားဆီညှစ်စက် (Screw Press Oil Expeller)ဖြင့် မြေပဲဆီကြိတ်ခွဲမှုအား ကုမ္ပဏီမှ သရုပ်ပြသခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၇ ရက်အထိ နှစ်ရက်ကြာပြုလုပ်မည်ဖြစ်ပြီး ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော် တက်ရောက်အားပေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မန္တလေးမြို့ တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ) မှ အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)သို့ Mountain Bike (MTB) လူသစ်တန်းစက်ဘီးစီးပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တောဦးစီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ မန္တလေးမြို့ တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ) မှ အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်) သို့ Mountain Bike (MTB) လူသစ်တန်းစက်ဘီးစီးပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ)မှ သိရသည်။

သဘာဝအလှအပကို ခံစားရင်း စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ကျော်ဖြတ်လိုသူများအတွက် Mountain Bike (MTB)လူသစ်တန်းစက်ဘီးစီးပြိုင်ပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၅ နာရီခွဲတွင် Start Point တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ) အရှေ့မှ Finish Point အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်)အထိ စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အသက် ၁၈ နှစ်နှင့်အထက် အမျိုးသား/အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များအနေဖြင့် သဘာဝလမ်းကြောင်းများကို ဖြတ်သန်းစီးနင်းရင်း မိမိတို့၏ ကြံ့ခိုင်မှု၊ ဇွဲလုံ့လနှင့် စက်ဘီးစီးကျွမ်းကျင်မှုများကို ပြသနိုင်မည့် အခွင့်အရေးကောင်းတစ်ခုဖြစ်သည့်အတွက် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားပြီး ပြိုင်ပွဲဝင်များအားလုံး စက်ဘီးစီးဦးထုပ်များ မဖြစ်မနေ ဝတ်ဆင်ရမည်ဖြစ်ကာ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို လိုက်နာပေးရန် လိုအပ်ကြောင်း ဖော်ပြထားသည်။

ထို့နောက် အသေးစိတ် မှတ်ပုံတင်ခြင်းဆိုင်ရာများ၊ ပြိုင်ပွဲလမ်းကြောင်းနှင့် ဆုချီးမြှင့်မှု အစီအစဉ်များကို ဆက်လက်ကြေညာသွားမည်ဖြစ်ပြီး ပြိုင်ပွဲအတွင်း ပြိုင်ပွဲဝင်များအား အဆင့်လိုက် အထူးဆုများကိုလည်း ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**MT**

## တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၆**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့် မဆိုခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တက္ကသိုလ်ပေါင်းစုံ Esports ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့ကြသည့် အသင်းခြောက်သင်းအား ဆုပေးအပ်ချီးမြှင့်မည်

**ရန်ကုန် ဇူလိုင် ၂၆**

မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်(MESF)နှင့် PUGB Mobile တို့ ပူးပေါင်းကျင်းပသည့် တက္ကသိုလ်ပေါင်းစုံ Varsity Esports Championship-2026၊ Esports ပြိုင်ပွဲကို ယနေ့တွင် ရန်ကုန်တက္ကသိုလ် RC ခန်းမ၌ ဆက်လက်ကျင်းပရာ တက္ကသိုလ်ကိုယ်စားပြု အောင်မြင်မှုရရှိခဲ့ကြသည့် အသင်းခြောက်သင်းအား ဆုများကို ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ယမန်နေ့က ပြိုင်ပွဲအမျိုးအစားနှစ်မျိုးဖြစ်သည့် PUBG Mobile နှင့် Mobile Legend ပြိုင်ပွဲတို့ကို အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြရာ တက္ကသိုလ် ကျောင်းသား ကျောင်းသူနှင့် လူငယ်ပရိသတ် ၁၀၀၀ ကျော် ကြည့်ရှုအားပေးကြသည်။

ယနေ့နံနက်ပိုင်း Mobile Legend ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန် ကျန်ရှိသည့် အသင်းများ ဆက်လက်ယှဉ်ပြိုင်ရာ ချန်ပီယံအဖြစ် KMD College အသင်း၊ First Winner အဖြစ်YTV(ရန်ကုန်) အသင်းနှင့် Second Winner အဖြစ် DGU(Dagon University) အသင်းတို့က ဆွတ်ခူးရရှိကြသည်။

ညနေ ၆ နာရီခွဲတွင် PUBG Mobile ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ရာ UIT (ရန်ကုန်)အသင်း၊ MMMC (ရန်ကုန်) အသင်း၊ KMD College၊ MIC(ရန်ကုန်) အသင်း၊ MIC(ရန်ကုန်)နှင့် TUMA (မိတ္ထီလာကောလိပ်)တို့ ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့ပြီး ပြိုင်ပွဲဝင်အသင်းသုံးသင်းမှ Champion၊ First Winner နှင့် Second Winner ဆုတို့ကို ဆွတ်ခူးရရှိကြသည်။

"တက္ကသိုလ် ကိုယ်စားပြုအနေနဲ့ အောင်မြင်မှုရရှိခဲ့ကြတဲ့ အသင်း ခြောက်သင်းအတွက် ဂုဏ်ယူပါတယ်။ အောင်မြင်ခဲ့တဲ့အသင်းတွေဟာ လက်ရှိပရော်ဖက်ရှင်နယ်အသင်းနဲ့ ယှဉ်ပြိုင်ပြီး အောင်မြင်တဲ့အသင်းက နိုင်ငံကိုယ်စားပြုအသင်းအနေနဲ့ ပြည်ပမှာ သွားရောက်ယှဉ်ပြိုင်ခွင့်ရမှာပါ။ အဖွဲ့ချုပ်အောင်မြင်မှုရရှိအောင်




တစိုက်မတ်မတ်ကြိုးစားခဲ့တာ အခုဆိုရင် ပရော်ဖက်ရှင်နယ်ပွဲတင် မဟုတ်ဘဲ ကျောင်းသားပွဲများကို ကျင်းပနိုင်ခဲ့ပါပြီ။ ပြင်ပ ပရော်ဖက်ရှင်နယ်တွေလို တော်ကြတဲ့ တက္ကသိုလ်ကျောင်းသား မျိုးဆက်သစ်များကို မွေးထုတ်ပေးနိုင်ခဲ့ပြီး သူတို့အတွက်လည်း အခွင့်အလမ်းများစွာ စောင့်ကြိုနေပါတယ်"ဟု မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ထက်လင်းက ပြောသည်။

တက္ကသိုလ်ပေါင်းစုံ Varsity Esports Championship-2026၊ Esports ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့ကြသည့် တက္ကသိုလ်ကိုယ်စားပြု အသင်းခြောက်သင်းအား မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်က ဆုများကို ယခုရက်ပိုင်းအတွင်း ပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး Season-2 တက္ကသိုလ်ပေါင်းစုံ Esports ပြိုင်ပွဲကြီးကိုလည်း ဒီဇင်ဘာလ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

## ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ မန္တလေးမြို့၌ ကျင်းပ

**မန္တလေး ဇူလိုင် ၂၆**

မန္တလေး OLD STAR ဘောလုံးအသင်းနှင့် ပဲခူး OLD STAR ဘောလုံးအသင်းတို့ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို ယမန်နေ့ညနေပိုင်းက မန္တလေးမြို့ရှိ ဗထူးအားကစားပြိုင်ကွင်း၌ ကျင်းပရာ တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလိုင်ဌေးအောင်၊အား/ကာသိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်နှင့် အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြသည်။



ပြိုင်ပွဲမစတင်မီ မန္တလေးတိုင်း အား/ကာညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ မန္တလေး OLD STAR အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် ပဲခူး OLD STAR အသင်းဥက္ကဋ္ဌ ဦးအောင်မြင့်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နှစ်ဖက်အသင်းမှ အားကစားသမားများနှင့် ဒိုင်လူကြီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။(ဓာတ်ပုံ)

ထို့နောက် မန္တလေး OLD STAR အသင်းနှင့်ပဲခူး OLD STAR အသင်းတို့ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားကြရာ မန္တလေး OLD STAR အသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **တင်မောင်-မန္တလေး**

---

❏ *ကျောက်ဖုံးမှ*

လင်းထက်အောင်(ရခိုင်)က ဒုတိယ၊ မြင့်မြတ်ကိုကို(ဧရာဝတီ)နှင့် လင်းနိုင်ဦး(ကယား)တို့က ပူးတွဲတတိယဆုဖြင့် လည်းကောင်း၊ (၅၄-၅၈) ကီလိုတန်းပြိုင်ပွဲတွင် စောရန်ထူး(မန္တလေး)က ပထမ၊ စံလင်း(ကရင်)က ဒုတိယ၊ ကျော်ဇေယျာဖြိုး(ကယား)နှင့် နေစိုးရှိန်(ရခိုင်)တို့က ပူးတွဲတတိယဖြင့် လည်းကောင်း၊ (၆၃-၆၈)ကီလိုတန်းတွင် ထက်မြတ်နိုင်(ရှမ်း)က ပထမ၊ လွင်မျိုးခန့်(ကယား)က ဒုတိယ၊ လင်းဆက်ပိုင်(ချင်း)နှင့် ထက်မြတ်အောင်(ဧရာဝတီ)တို့က ပူးတွဲတတိယဆုကို အသီးသီး ရရှိခဲ့ကြသည်။

အမျိုးသမီး (၄၆-၄၉) ကီလိုတန်းပြိုင်ပွဲတွင် သဥ္ဇာကျော်(ကယား)က ပထမ၊ မိုးပြည့်စုံ(ကရင်)က ဒုတိယ၊ မေရတနာအောင် (မန္တလေး)နှင့် ခင်ငြိမ်းသူ(ရန်ကုန်)တို့က ပူးတွဲတတိယဖြင့်လည်းကောင်း၊ (၅၃-၅၇) ကီလိုတန်းပြိုင်ပွဲတွင် မေမြတ်နိုး(ရန်ကုန်)က ပထမ၊ ခင်ငြိမ်းငြိမ်းဇော်(တနင်္သာရီ)က ဒုတိယ၊ မေသဇင်ကျော် (ဧရာဝတီ)နှင့် ကြယ်စင်လင်းသူ(ရခိုင်)တို့က ပူးတွဲတတိယဆုကို ရရှိခဲ့ကြောင်း သိရသည်။

**နေမျိုး၊ ဓာတ်ပုံ-နိုင်လင်း**

---

❐ *ရှေ့ဖုံးမှ*

လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာပြီး မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၂၅၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပါရာဒစ်ရှ်မြို့၏ အရှေ့-အရှေ့မြောက်ဘက် ရေမိုင် ၁၀၀ မိုင်ခန့်နှင့် ဆာဂါကျွန်း၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၇၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ထားသည်။

**မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ မုန်တိုင်းငယ်သည် မွန်းလွဲ ၁ နာရီခွဲတွင် မြောက်လတ္တီကျူ ၂၀ ဒသမ ၆ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၈ ဒသမ ၄ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့်ဖြစ်သည်။

**နောက် ၃၆ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ မုန်တိုင်းငယ်သည် နောက် ၂၄ နာရီအတွင်း အားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ပြီး အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ နောက် ၃၆ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့ကို ပါရာဒစ်ရှ်မြို့နှင့် ဆာဂါကျွန်းတို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

---

■ *ကျောက်ဖုံးမှ*

ကွမ်းခြံကုန်းမြို့နယ်မှ အထက(ဝက်ကိုက်)နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်မှ အလက(ခနောင်တို)တို့မှ အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့်အားကစားသမားများအား တွံတေးခရိုင်ပညာရေးမှူး ဒေါ်ဝင်းရည်မွန်က ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်ကစားကြရန်၊ နိုင်ငံ့ကိုယ်စားပြု အားကစားသမားကောင်းများ ပေါ်ထွက်လာနိုင်ရန်နှင့် အကောင်းဆုံးယှဉ်ပြိုင်ကစားကြရန် ပြောကြားသည်။

ယင်းနောက်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပထမပွဲစဉ်အဖြစ် အထက(ဝက်ကိုက်)အသင်းနှင့် အလက (ခနောင်တို)အသင်းတို့ ယှဉ်ပြိုင်ကြရာ အထက ဝက်ကိုက်အသင်းက အလက ခနောင်တိုအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် အလက(ပြသတိုက်)အသင်းနှင့် အထက(ပျော်ဘွယ်ကြီး)အသင်းတို့ ယှဉ်ပြိုင်ကြရာ ပွဲစဉ်တွင် ဂိုးမရှိသရေဖြစ်နေ၍ ပယ်နယ်တီအဆုံးအဖြတ် ကန်သွင်းကြရာ တွံတေးမြို့နယ် အလက(ပြသတိုက်)အသင်းက အထက(ပျော်ဘွယ်ကြီး)အသင်းကို ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၄)နှစ်အောက် U-14 Boys Royal-D CUP 2026 ဘောလုံးပြိုင်ပွဲတွင် မြို့နယ်ငါးမြို့နယ်မှ အသင်းငါးသင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဗိုလ်လုပွဲကို ဇူလိုင် ၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**မျိုးလှိုင်(တွံတေး)**

---

❍ *ကျောက်ဖုံးမှ*

အကြီးတန်းဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ချန်ပီယံဆုဖလားကို ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေက တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဆုရရှိခဲ့သော YRG FC အသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်က တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၇၅ သိန်းကို ပေးအပ်ချီးမြှင့်သည်။ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဂိုးသမားဆုကို ကျော်ရဲသွေး (YCDC Dream Team FC)နှင့် အကောင်းဆုံး(ယူ-၁၉)လူငယ်ကစားသမားဆုကို အောင်စည်ထက် (Yangon Academy FC) တို့က ရရှိခဲ့သည်။ **နေမျိုး၊ ဓာတ်ပုံ-MFF**

---

❖ *ကျောက်ဖုံးမှ*

အဆိုပါ ပွဲစဉ်ကို ယင်းနေ့ ညနေ ၄ နာရီ ၁၅ မိနစ်မှ စတင်၍ MRTV HD Channel နှင့် MRTV Sports Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည် ဖြစ်သည်။ **သတင်းစဉ်**

---

● *ကျောက်ဖုံးမှ*

အေစီမီလန်အသင်းတို့ ယခင်ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ဇွန် ၃၀ ရက်တွင် ကုန်ဆုံးခဲ့ကြောင်း သိရသည်။

၂၀၁၈ ဘလွန်းဒီအောဆုရှင် မိုဒရစ်သည် လာမည့်ရာသီတွင် ဂျာစီနံပါတ် ၁၄ ကို ဆက်လက် ဝတ်ဆင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဇော်**

# နိုင်ငံသားတိုင်းသိထားသင့်သော အခွန်ဆိုင်ရာအခွင့်အရေးနှင့် တာဝန်ဝတ္တရားများ

ခေတ်ဉာဏ်ထွန်း (Keio University)

*(ယမန်နေ့မှ အဆက်)*

**ကုန်သွယ်လုပ်ငန်းခွန် သို့မဟုတ် ပြည်သူများနှင့် အနီးစပ်ဆုံးအခွန်**

ထို့နောက် ဦးကျော်လွင်က စားပွဲပေါ်ရှိ လက်ဖက်ရည်ခွက်ကို ညွှန်ပြရင်း ပြောလိုက်သည်။

"အခု ဒုတိယအခွန်တစ်ခုအကြောင်း ပြောကြရအောင်။ ဒါကတော့ ကျုပ်တို့ နေ့စဉ်ဘဝနဲ့ အနီးစပ်ဆုံးဖြစ်တဲ့ ကုန်သွယ်လုပ်ငန်းခွန်ပဲ။ ကျုပ်တို့ နေ့စဉ်ကုန်ပစ္စည်းတွေ ဝယ်တယ်၊ ဝန်ဆောင်မှုတွေ ရယူတယ်။ လုပ်ငန်းရှင်တွေကလည်း ကုန်ပစ္စည်းထုတ်လုပ်တယ်၊ ပြည်ပကနေ တင်သွင်းတယ်၊ ဝန်ဆောင်မှုတွေ ပေးတယ်။ ဒီလုပ်ငန်းဆောင်ရွက်မှုတွေအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ပါတယ်"

ဦးဆန်းက ချက်ချင်းသဘောပေါက်သွားသည်။

"ဒါဆို ကျုပ်တို့ ကိုရဲဆိုင်မှာ လက်ဖက်ရည်ဖိုးရှင်းတိုင်း ပြေစာအပေါ် အခွန်အမှတ် တံဆိပ်ကပ်ပြီး အခွန်ကို ပေးရတာ ကုန်သွယ်လုပ်ငန်းခွန်ပေါ့"

"မှန်တယ်" ဟု ဦးကျော်လွင်က ပြောလိုက်ရာ ကိုရဲ၏ မျက်နှာပေါ်တွင် စိုးရိမ်သည့် အရိပ်အယောင်တစ်ခုပေါ်လာသည်။

"ဒါဆို ကျွန်တော်တို့တွေက နေ့စဉ် ဆန်ဝယ်တယ်၊ ဆီဝယ်တယ်၊ ဆေးဝယ်တယ်၊ အဲဒီလို နေ့စဉ်မဖြစ်မနေအသုံးပြုနေရတဲ့ ကုန်စည်တွေအပေါ် အခွန်ပေးနေရရင် အခြေခံပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်နိုင်ဘူးလား ဆရာ"

ဦးကျော်လွင်က လက်ဖက်ရည်ခွက်ကို လက်ဖြင့် ပွတ်သပ်ကာ ခေတ္တစဉ်းစားပြီးနောက် ဆက်လက်ရှင်းပြသည်။

"သာမန်အားဖြင့်တော့ ကိုရဲ စဉ်းစားတာမှန်ပါတယ်။ ကုန်သွယ်လုပ်ငန်းခွန်က သွယ်ဝိုက်ခွန် (Indirect Tax) ဖြစ်ပြီးတော့ စားသုံးမှုအပေါ် ကောက်တဲ့အခွန်လည်းဖြစ်တဲ့အတွက် သူ့ရဲ့ ပင်ကိုသဘောသဘာဝကိုက ကုန်ဈေးနှုန်းအပေါ်မှာ သက်ရောက်မှုရှိနိုင်တယ်။ ဒါကြောင့်ပဲ နိုင်ငံတော်အနေနဲ့ အခြေခံပြည်သူတွေရဲ့ စားဝတ်နေရေးကို မထိခိုက်စေဖို့နဲ့ မမျှတတဲ့ အခွန်ဝန်ထုပ်ဝန်ပိုး မကျရောက်စေဖို့ကို ထည့်သွင်းစဉ်းစားပြီးတော့ စားသောက်ကုန်တို့၊ ဆေးဝါးတို့အပါအဝင် မရှိမဖြစ်လိုအပ်တဲ့ကုန်စည်တွေနဲ့ ဝန်ဆောင်မှုတွေအပေါ်မှာ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် ပြုပေးထားပါတယ်။

"၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေမှာဆိုရင် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အသား၊ ငါး၊ ဥအမျိုးမျိုး အပါအဝင် အခြေခံစားသောက်ကုန်တွေ၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးဆိုင်ရာ ကုန်စည်တွေ၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းသုံးစက်တွေအပါအဝင် စက်မှုလုပ်ငန်းသုံးကုန်စည်တွေ၊ အိမ်သုံးဆေး၊ လူသုံးဆေး၊ တိုင်းရင်းဆေးတို့အပါအဝင် ပြည်သူလူထုအတွက် အခြေခံလိုအပ်တဲ့ကုန်စည် ၄၆ အုပ်စုနဲ့ ကျန်းမာရေး၊ ပညာရေး၊ ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရေး၊ ငွေရေးကြေးရေး (ဘဏ်ဝန်ဆောင်မှု) စတဲ့ အခြေခံဝန်ဆောင်မှု ၃၄ အုပ်စုကို ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားတယ်"

ကိုရဲက စိတ်သက်သာရာရသွားဟန်ဖြင့် သက်ပြင်းချလိုက်သည်။

"အော်...ဒါကြောင့် ဈေးထဲက ကျုပ်အစ်မရဲ့ ဆန်ဆိုင်ကို ကုန်သွယ်လုပ်ငန်းခွန်မကောက်တာကိုး။ အခုမှပဲ သဘောပေါက်တော့တယ်။ ဒါနဲ့ မြန်မာနိုင်ငံရဲ့ ကုန်သွယ်လုပ်ငန်းခွန်နှုန်းထားကရော ဘယ်လောက်လဲ ဆရာ" ဟု ကိုရဲက မေးလိုက်ရာ....

"မြန်မာနိုင်ငံမှာ အဓိက ကုန်သွယ်လုပ်ငန်းခွန်နှုန်းထားက ၅ ရာခိုင်နှုန်းပဲ ဖြစ်တယ်။ ဟိုတယ်နဲ့ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းတို့၊ အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းတို့၊ ရွှေထည်လက်ဝတ်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတို့ဆိုရင် ၃ ရာခိုင်နှုန်းနဲ့ပဲ ကောက်ခံတယ်။ အာဆီယံဒေသတွင်း နိုင်ငံအများစုမှာတော့ ၅ ရာခိုင်နှုန်းကနေ ၁၂ ရာခိုင်နှုန်းအထိ ရှိတတ်ကြတယ်။ မြန်မာနိုင်ငံရဲ့ ကုန်သွယ်လုပ်ငန်းခွန်နှုန်းထားကတော့ အနိမ့်ဆုံးအုပ်စုထဲမှာ ပါတယ်" ဟု ဦးကျော်လွင်က ရှင်းပြလေသည်။

ဦးဆန်းက ရုတ်တရက် သတိရသွားဟန်ဖြင့် ပြောလိုက်သည်။

"ဆရာရေ... ကျုပ်ဗျာ မြို့ထဲမှာ စတိုးဆိုင်တစ်ခု ဖွင့်မလားစဉ်းစားနေတာ။ အဲဒါကြောင့် ကုန်သွယ်လုပ်ငန်းခွန်နဲ့ ပတ်သက်ပြီး ဘာတွေလိုက်နာရမှာလဲဗျ"

ကိုရဲက ရယ်မောရင်း "အဲဒါဆို ကိုဆန်းက လုပ်ငန်းတိုးချဲ့ဖို့ ခြေလှမ်းစတော့မယ်ပေါ့" ဟု ပြောလိုက်သည်။

ဦးကျော်လွင်က ပြုံးလိုက်ပြီးနောက် "ကိုဆန်းရေ...လုပ်ငန်းစမယ်ဆိုရင် ဆိုင်ခန်းငှားရုံ၊ ပစ္စည်းဝယ်ရုံနဲ့ မပြီးဘူးဗျ။ ဥပဒေနဲ့အညီ

> **" နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ အစိုးရတစ်ဖွဲ့တည်းရဲ့ တာဝန်မဟုတ်ဘူး။ ပြည်သူတစ်ဦးချင်းစီရဲ့ တာဝန်ယူစိတ်၊ စည်းကမ်းလိုက်နာစိတ်နဲ့ ပူးပေါင်းပါဝင်မှုတွေပေါ်မှာလည်း မူတည်တယ်။ ဒါကြောင့်မို့ အခွန်ကို မှန်မှန်ကန်ကန် ပေးဆောင်ခြင်းဆိုတာ နိုင်ငံတော်တည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်မှာ မိမိကိုယ်တိုင် ပါဝင်နေခြင်းပဲ ဖြစ်တယ်"**

လုပ်ငန်းကို စတင်နိုင်ဖို့ အခွန်ကိစ္စတွေကိုလည်း စနစ်တကျဆောင်ရွက်ဖို့လိုတယ်။ ဥပမာလုပ်ငန်းတစ်ခု စလုပ်တော့မယ်ဆိုရင် ပထမဆုံးတာဝန်က လုပ်ငန်းမစခင် တစ်လအလိုမှာ သက်ဆိုင်ရာအခွန်ရုံးကို သွားပြီး မှတ်ပုံတင်ထားရမယ်။ နောက်ပြီး လုပ်ငန်းစတဲ့နေ့ကစပြီး ၁၀ ရက်အတွင်း လုပ်ငန်းစတင်ကြောင်းကို အခွန်ရုံးကို အကြောင်းကြားရမယ်။ **တတိယအနေနဲ့** ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကျသင့်တဲ့ကုန်သွယ်လုပ်ငန်းခွန်ကို စားသုံးသူထံကနေ တစ်ပါတည်းကောက်ခံပြီး သက်ဆိုင်ရာလကုန်ဆုံးပြီး ၁၀ ရက်အတွင်း အခွန်ရုံးကို ပေးသွင်းရမှာ ဖြစ်တယ်။

**" နောက်ပြီး စားသောက်ဆိုင်လုပ်ငန်း၊ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်း၊ ရုပ်သံလွှင့်မီဒီယာလုပ်ငန်း၊ ရွှေထည်လက်ဝတ်ရတနာရောင်းချတဲ့လုပ်ငန်းတွေဆိုရင် စားသုံးသူ (customer)ကို ထုတ်ပေးတဲ့ ပြေစာတွေပေါ်မှာ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပြီးမှ ရောင်းချရမှာ ဖြစ်တယ်။ အဲဒီလို ဆောင်ရွက်နိုင်ဖို့အတွက် အခွန်အမှတ်တံဆိပ်တွေကို သက်ဆိုင်ရာအခွန်ရုံးကနေ ထုတ်ယူထားရတယ်"**

"**ပဉ္စမအချက်အနေနဲ့** လုပ်ငန်းရှင်တစ်ယောက်အနေနဲ့ သုံးလပတ်ကြေညာလွှာကို သက်ဆိုင်ရာသုံးလပတ်ကုန်ဆုံးပြီး တစ်လအတွင်း တင်သွင်းရမယ်။ နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန် ကြေညာလွှာကိုတော့ ဘဏ္ဍာနှစ်ကုန်ဆုံးပြီး သုံးလအတွင်း တင်သွင်းရမှာ ဖြစ်တယ်။ ဒါပေမဲ့ MSME လုပ်ငန်းတွေ အဆင်ပြေစေဖို့နဲ့ ဒီလုပ်ငန်းလေးတွေကနေ ကုန်ပစ္စည်းတွေ ဝယ်ယူကြတဲ့ အခြေခံပြည်သူတွေ သက်သာစေဖို့အတွက် ပံ့ပိုးထားတာတွေလည်း ရှိပါတယ်။ ဥပမာတစ်နှစ်ရောင်းရငွေ ဒါမှမဟုတ် ဝန်ဆောင်မှုရငွေကျပ်သိန်း ၅၀၀ မကျော်ရင် ကုန်သွယ်လုပ်ငန်းခွန်မှတ်ပုံတင်တာတို့၊ အခွန်ကောက်ခံတာတို့၊ ကြေညာလွှာတင်သွင်းတာတို့ကို မဖြစ်မနေဆောင်ရွက်ဖို့ မလိုပါဘူး"

ထိုစဉ် ကိုရဲက "ဆရာ ကျုပ် အခွန်ရုံးသွားတော့ တစ်နှစ်ရောင်းရငွေကျပ်သိန်း ၅၀၀ မကျော်ပေမယ့် မှတ်ပုံတင်ချင်လို့ဆိုပြီး လာလျှောက်ကြတဲ့သူတွေ ကြုံဖူးတယ်။ ကျုပ်လည်း သိချင်တာနဲ့ အခွန်မှူးကို မေးကြည့်ဖူးတယ်" ဆိုပြီး သူ၏အတွေ့အကြုံကို မျှဝေလာသည်။

"ရောင်းရငွေ ကျပ်သိန်း ၅၀၀ မကျော်ရင် ဥပဒေအရ မဖြစ်မနေ မှတ်ပုံတင်စရာမလိုပေမဲ့ မိမိရဲ့လုပ်ငန်းလိုအပ်ချက်အရ ဆန္ဒအလျောက် မှတ်ပုံတင်ခွင့်ရှိတယ်။ ဒီလို မှတ်ပုံတင်ခွင့်ပြုခြင်းရဲ့ အဓိက အကျိုးကျေးဇူးကတော့ အခွန်ခုနှိမ်ခွင့်ရရှိစေတာနဲ့ လုပ်ငန်းကြီးတွေနဲ့ ချိတ်ဆက်နိုင်တဲ့ အခွင့်အလမ်းရရှိစေတာပါ။

"ဥပမာ ကိုဆန်းက မုန့်တိုက်ကြီးဖွင့်လိုက်ပြီဆိုပါစို့။ ပေါင်မုန့်ကောင်းကောင်းတစ်လုံးရဖို့ ဂျုံမှုန့်ဝယ်ရမယ်၊ ထောပတ်ဝယ်ရမယ်။ အဲဒီကုန်ကြမ်းတွေဝယ်တဲ့အခါမှာ ကုန်သွယ်လုပ်ငန်းခွန်လည်း ပါလာမယ်။ အဲဒါကို သွင်းအားစုအခွန်လို့ ခေါ်တယ်။ ဒါပေမဲ့ ကိုဆန်းက မှတ်ပုံတင်ထားတဲ့ လုပ်ငန်းရှင်ဖြစ်နေမယ်ဆိုရင် ပေါင်မုန့်ရောင်းတဲ့အခါ စားသုံးသူဆီက ကောက်ခံရရှိတဲ့ အခွန်ထဲကနေ ကုန်ကြမ်းဝယ်တုန်းက ပေးထားတဲ့အခွန်တွေကို ပြန်ခုနှိမ်ခွင့်ရမယ်။ အဲဒီအချိန်မှာ တခြားလူတစ်ယောက်ကလည်း ပေါင်မုန့်ထုတ်လုပ်ပေမယ့် ကုန်သွယ်လုပ်ငန်းခွန်မှတ်ပုံမတင်ထားဘူးဆိုရင် ကိုဆန်းရဲ့ ကုန်ထုတ်လုပ်မှုစရိတ်က သူ့ထက် ပိုသက်သာနေမယ်။

"ဒါတင်မကသေးဘူး။ အခုခေတ်မှာ ကုမ္ပဏီကြီးတွေ၊ ဟိုတယ်ကြီးတွေ၊ စူပါမားကတ်ကြီးတွေဟာ ပစ္စည်းတွေဝယ်တော့မယ်ဆိုရင် ကုန်သွယ်လုပ်ငန်းခွန် မှတ်ပုံတင်ထားတဲ့လုပ်ငန်းတွေဆီကပဲ ဝယ်ယူလိုကြတယ်။ ဘာလို့လဲဆိုတော့ သူတို့ဝယ်လိုက်တဲ့ ပစ္စည်းအတွက် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ထားကြောင်း သက်သေခံလက်မှတ်ရမှသာ သူတို့လည်း အခွန်ပြန်ခုနှိမ်ခွင့်ရရှိမှာမို့လို့ပဲ"

ဦးဆန်းက စားပွဲကို လက်ချောင်းများဖြင့် အသာခေါက်ရင်း တစ်ခုခုကို စဉ်းစားတွက်ချက်နေဟန်ဖြင့် -

**"ဒါဆို ကုန်သွယ်လုပ်ငန်းခွန် မှတ်ပုံတင်တယ်ဆိုတာ တာဝန်တစ်ခုတင်မဟုတ်ဘဲ လုပ်ငန်းဖွံ့ဖြိုးဖို့ အခွင့်အလမ်းတစ်ခုလည်း ဖြစ်တာပေါ့"** ဟု ဆိုလိုက်သည်။

**နိုင်ငံသားများ၏ အခွန်ဆိုင်ရာအခွင့်အရေးနှင့် တာဝန်**

ကိုရဲက ခေတ္တငြိမ်သက်ကာ စဉ်းစားပြီးနောက် မေးလိုက်သည်။

"ဆရာ... အခွန်ထမ်းပြည်သူတွေရဲ့ တာဝန်တွေကိုတော့ အတန်အသင့်သိလာပါပြီ။ ကျုပ်တို့ အခွန်ထမ်းပြည်သူတွေဘက်က တောင်းဆိုနိုင်တဲ့ အခွင့်အရေးတွေရော မရှိဘူးလားဗျ။"

ဦးကျော်လွင်က "ကိုရဲရေ... ဒါက အလွန်အရေးကြီးတဲ့ မေးခွန်းပဲ။ လူတော်တော်များများက အခွန်နဲ့ပတ်သက်ရင် တာဝန်တွေချည်းပဲ ရှိတယ်လို့ ထင်တတ်ကြတယ်။ တကယ်တော့ အခွန်စနစ်က တာဝန်နဲ့ အခွင့်အရေးကို မျှမျှတတချိန်ညှိထားတဲ့ စနစ်တစ်ခုဖြစ်တယ်။ **အခွန်ထမ်းဆိုတာ အခွန်ပေးရသူ သက်သက်ပဲမဟုတ်ဘူး။ အခွန်ဆိုင်ရာကင်းလွတ်ခွင့်တွေ၊ သက်သာခွင့်တွေအပြင် ဥပဒေအရ အကာအကွယ်ပေးထားတဲ့ အခွင့်အရေးတွေကိုလည်း အပြည့်အဝရရှိထားသူဖြစ်တယ်"**

ဦးဆန်းကလည်း စိတ်ဝင်တစား နားစွင့်နေသည်။

"အခွန်ထမ်းတိုင်း သိထားသင့်တဲ့ အဓိက အခွင့်အရေးတွေ ရှိပါတယ်။ **ပထမအခွင့်အရေးက မိမိလိုက်နာရမယ့် အခွန်ဥပဒေတွေနဲ့ ညွှန်ကြားချက်တွေကို သိရှိနားလည်ခွင့်ဖြစ်တယ်။** ဒါကြောင့်လည်း အခွန်ဌာနက အခွန်ဆိုင်ရာသတင်းအချက်အလက်တွေကို အချိန် နဲ့ တစ်ပြေးညီ ထုတ်ပြန်အသိပေးနေတာဖြစ်သလို၊ အခွန်ထမ်းဝန်ဆောင်မှုရုံးတွေ ဖွင့်လှစ်ပေးတာတို့၊ အီလက်ထရောနစ်စနစ်နဲ့ အခွန်ပေးဆောင် မှု၊ ကြေညာလွှာ တင်သွင်းနိုင်အောင် စီမံဆောင်ရွက်ပေးတာတို့၊ e-Services Help Desk Center ဖွင့်တာတို့ကို ဆောင်ရွက်ပေးထားတာဖြစ်တယ်"

ဦးဆန်းက ခေါင်းညိတ်လိုက်သည်။

"အခွန်ဥပဒေကို ပြည့်ပြည့်ဝဝသိမှလည်း အခွန်တာဝန်ကိုလည်း မှန်မှန်ကန်ကန် လိုက်နာနိုင်မှာပေါ့ ဆရာ။"

"အမှန်ပါပဲ ကိုဆန်း။ **ဒုတိယအချက်ကတော့** မှန်ကန်မျှတတဲ့ စည်းကြပ်မှုကို ရရှိပိုင်ခွင့်ဖြစ်တယ်။ မိမိရဲ့လုပ်ငန်းနဲ့ ပတ်သက်တဲ့ စာရင်းဇယားတွေ၊ အထောက်အထားတွေကို စနစ်တကျသိမ်းဆည်းထားမယ်ဆိုရင် မိမိရဲ့ ဝင်ငွေအမှန်အပေါ်မှာပဲ တိကျမှန်ကန်စွာ စည်းကြပ်မှု ခံယူနိုင်ခွင့်၊ တစ်နည်းအားဖြင့် ဥပဒေကြောင်းအရ ရဲရဲဝံ့ဝံ့ တင်ပြတောင်းဆိုနိုင်တဲ့ အခွင့်အရေး ရှိပါတယ်။ **တတိယအချက်က** ပိုမိုပေးဆောင်ခဲ့တဲ့ အခွန်တွေကို ပြန်အမ်းငွေအဖြစ် တောင်းခံခွင့်ဖြစ်တယ်။ အခွန်ထမ်းတစ်ယောက်က အခွန်ကို ကျသင့်တာထက် ပိုမိုပေးဆောင်မိခဲ့ရင် ၆ နှစ်အတွင်း ဥပဒေနဲ့အညီ ပြန်အမ်းငွေ တောင်းခံနိုင်တယ်။ **စတုတ္ထအချက်က** လုပ်ငန်းဆိုင်ရာ အချက်အလက်တွေကို လျှို့ဝှက်စွာ ကာကွယ်ထိန်းသိမ်းခွင့်ဖြစ်တယ်။ မိမိရဲ့ လုပ်ငန်းစာရင်းတွေ၊ ငွေကြေးဆိုင်ရာ အချက်အလက်တွေကို ဥပဒေနဲ့အညီ လုံခြုံစွာ ထိန်းသိမ်းပေးဖို့ အခွန်ဌာနမှာ တာဝန်ရှိတယ်။ **ပဉ္စမအချက်ကတော့** အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ရက်အမီ အခွန်မပေးဆောင်နိုင်ရင်၊ ဒါမှမဟုတ် ကြေညာလွှာမတင်နိုင်ရင် အခွန်ပေးဆောင်ရမယ့်ရက်တို့၊ ကြေညာလွှာတင်သွင်းရမယ့်ရက်တို့ကို တိုးမြှင့်ပေးဖို့ လျှောက်ထားခွင့်ရှိတယ်။

*စာမျက်နှာ ၇ သို့*

## မွန်ပြည်နယ်ရှိ စက်သုံးဆီဆိုင်များ၌ QR Code/ Bar Code ဖြင့် ရောင်းချနေမှု ကွင်းဆင်းစစ်ဆေး

**မော်လမြိုင် ဇူလိုင် ၂၆**

မွန်ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး



ဦးဇေယျာဦးသည် တာဝန်ရှိသူများနှင့်အတူ မော်လမြိုင်မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၌ စက်သုံးဆီများ စနစ်တကျ ဖြန့်ဖြူး ရောင်းချပေးနေမှုနှင့် QR Code / Bar Code စနစ် အသုံးပြု၍ အများပြည်သူသို့ ရောင်းချပေးနေမှုများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်း စစ်ဆေးခဲ့ပြီး စက်သုံးဆီများ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း မှန်ကန်စွာ ရောင်းချပေးရေး၊ QR Code / Bar Code စနစ်အား အသုံးပြုရာတွင် ပြည်သူများ ကြန့်ကြာမှုမရှိစေရေး၊ ကောင်းမွန်စွာ ဝန်ဆောင်မှုပေးနိုင် ရေးတို့ကို မှာကြားကာ လက်တွေ့သင်တန်းပေးနေမှုနှင့် စက်သုံးဆီ ဝယ်ယူနေသည့် ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)



## မင်္ဂလာဒုံမြို့နယ်၌ ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေး အသိပညာပေးဟောပြော

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ခွေးရူးရောဂါကာကွယ် တိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကို အထက(၄) ပညာရတနာ ခန်းမ၌ ဇူလိုင် ၂၃ ရက်က ပြုလုပ်ရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာ ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းဝင်းမာက ခွေးရူးပြန်ရောဂါနှင့်ပတ်သက်သော အသိပညာများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာနေခြည်နွေးက ခွေးရူးပြန်ရောဂါနှင့်ပတ်သက်၍ လက်ရှိ ဖြစ်ပွားမှုများ၊ ဆောင်ရန်/ရှောင်ရန်များကို ပြောကြားကြပြီး ဆရာမ များ၊ ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန်ဆွေးနွေးကြကာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဝန်ထမ်းများက ခွေးရူးရောဂါအသိပညာ ပေးစာစောင်များ ဖြန့်ဝေခဲ့သည်။ ဆက်လက်ပြီး မြို့နယ်မွေးမြူရေး နှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာနေခြည်နွေးနှင့် ဝန်ထမ်းများ သည် ပျဉ်းမပင်ကျေးရွာတွင် ခွေးအကောင်ရေ ၅၀ ကို ခွေးရူးရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လားရှိုး၌ ဆရာအတတ်ပညာတတ်ကျွမ်းမှုဆိုင်ရာ ခရိုင်အဆင့်ဆွေးနွေး

**လားရှိုး ဇူလိုင် ၂၆**

လားရှိုးမြို့၌ အခြေခံပညာအလယ်တန်းအဆင့် ဆရာအတတ်ပညာ ကျွမ်းကျင်မှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF level 2) ဆွေးနွေး သင်ကြားပေးခြင်းကို ယမန်နေ့က အထက(၆) လားရှိုး၌ ကျင်းပရာ ခရိုင်ပညာရေးမှူး ဦးအေးဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းမော်နှင့် ကျောင်းအုပ် ဆရာကြီး ဦးကျော်ဦးတို့က သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြား သည်။ အဆိုပါသင်တန်းသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ လားရှိုး၊ ကျောက်မဲ၊ မူဆယ်၊ ဟိုပန်၊ တန့်ယန်းခရိုင်တို့မှ ဆရာ ဆရာမ ၁၇ ဦး



တက်ရောက်ကြပြီး သုံးရက်ကြာ ဆွေးနွေးသင်ကြားမည်ဖြစ်သည်။

ခရိုင်(ပြန်/ဆက်)

**အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား**

**နေပြည်တော် ဇူလိုင် ၂၆** – ယနေ့ နံနက် ၅ နာရီ ၃၉ မိနစ် ၂၂ စက္ကန့်တွင် မြစ်ကြီးနားမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၃၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (လဟယ်မြို့၏ မြောက်–အရှေ့မြောက်ဘက် ကိုးမိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၆ ဒသမ ၄၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၅၂ ဒီဂရီ၊ အနက် ၇၉ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၅(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

*စာမျက်နှာ ၆ မှ*

**"ဆဋ္ဌမအချက်က** အခွန်မှုးရဲ့ အခွန်စည်းကြပ်မှုကို မကျေနပ်ဘူး ဆိုရင် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ပြန်လည် သုံးသပ်ပေးဖို့ လျှောက်ထားနိုင်သလို အခွန်အယူခံခုံအဖွဲ့ကိုလည်း အယူခံလျှောက်ထားနိုင်တယ်"

ဦးဆန်းက ခေါင်းတညိတ်ညိတ်ဖြင့် "အော်... အခွန်ထမ်းပြည်သူ တွေဘက်က ရပိုင်ခွင့်တွေကလည်း တကယ်ကို အခိုင်အမာပါလား ဆရာ"

"ဟုတ်တာပေါ့ ကိုဆန်း။ အခွင့်အရေးရှိသလို တာဝန်တွေလည်း ရှိတယ်"

**"နိုင်ငံသားကောင်းတစ်ဦးရဲ့ အခွန်နဲ့ပတ်သက်တဲ့ အဓိက တာဝန် တွေကတော့ –**

**(၁) မှတ်ပုံတင်ဖို့ လိုအပ်တဲ့ လုပ်ငန်းဆိုရင် မှတ်ပုံတင်လျှောက် ထားရန်၊**

**(၂) မိမိရဲ့ ဝင်ငွေကို မှန်မှန်ကန်ကန် ကြေညာရန်၊**

**(၃) ဝင်ငွေ၊ ထွက်ငွေနဲ့ ပတ်သက်တဲ့ စာရင်းမှတ်တမ်းတွေကို စနစ်တကျ ထိန်းသိမ်းထားရှိရန်၊**

**(၄) အခွန်ကြေညာလွှာတွေကို အချိန်မီတင်သွင်းရန်၊**

**(၅) ကျသင့်တဲ့အခွန်တွေကို အချိန်မီပေးဆောင်ရန်တို့ပဲဖြစ်တယ်။**

"ဒီတာဝန်တွေကို ကျေပွန်စွာ လိုက်နာခြင်းက ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၃၈၉ မှာ ပါတဲ့ ဥပဒေနှင့်အညီ အခွန်အကောက်များကို ပေးဆောင်ခြင်းဆိုတဲ့ နိုင်ငံသားကောင်းတစ်ယောက်ရဲ့ တာဝန်ကို ထမ်းဆောင်ခြင်းလည်းဖြစ်သလို မိမိတို့ လူ့အဖွဲ့အစည်းအတွက် ရင်းနှီးမြှုပ်နှံခြင်းလည်း ဖြစ်ပါတယ်"

**အခွန်ယဉ်ကျေးမှုဆိုရာဝယ်**

ဦးကျော်လွင်က လက်ဖက်ရည်တစ်ကြိုက် သောက်လိုက်ပြီး ဆက်ပြောလိုက်သည်။

"ကိုဆန်းနဲ့ ကိုရဲရေ... ဒီနေ့ ကမ္ဘာပေါ်က ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံအများအပြားကို လေ့လာကြည့်လိုက်ရင် ပြည်သူတွေက အခွန် တာဝန်ကို အလေးထားလိုက်နာကြတဲ့ အခွန်ယဉ်ကျေးမှုကောင်းတွေ ကို တွေ့မြင်ရတတ်တယ်။ သူတို့နိုင်ငံတွေမှာ အခွန်ပေးဆောင်တာကို လူ့အဖွဲ့အစည်းအတွက် တာဝန်ကျေတဲ့ နိုင်ငံသားတွေရဲ့ တာဝန်လို့ ခံယူကြတယ်။ အဲဒီအကြောင်းပြောရင်း ကျုပ်ဂျပန်နိုင်ငံကို ရောက်တုန်းက အကြောင်းအရာလေးတစ်ခုကို သတိရသွားတယ်။

"ဂျပန်မှာက အချိန်ပိုင်းအလုပ် (Arubaito) အချို့မှာ လုပ်ခကို ငွေသား(cash)ကို လက်ရောက်ပေးချေတာမျိုး ရှိတတ်ကြပြီး အဲဒီလို အလုပ်မျိုးတွေကို နိုင်ငံခြားကလာတဲ့ ကျောင်းသားတွေ လုပ်ကိုင် ကြတာများတယ်။ ဂျပန်လူမျိုးအများစုကတော့ အချိန်ပိုင်းအလုပ်ဆိုရင် တောင်လစာကို ငွေသားနဲ့မယူဘဲ ဘဏ်စာရင်းကတစ်ဆင့်ပဲ လက်ခံ ကြတာများပါတယ်။ ကျုပ်က ဂျပန်မိတ်ဆွေတစ်ဦးအား လစာကို ဘဏ်စာရင်းကနေ လက်ခံရင် အခွန်ကို တိတိကျကျ ပေးဆောင်ရမှာ ပေါ့။ ဒါပေမဲ့ ဂျပန်တွေက လစာကို ဘဏ်စာရင်းကနေ လက်ခံကြ တာကို ပိုသဘောကျပုံပဲနော်လို့ မေးကြည့်ဖူးတယ်။

"သူက ပြုံးပြီး ဂျပန်မှာအခွန်ကို မှန်မှန်ကန်ကန်မပေးဘူး၊ ဒါမှမဟုတ် ဝင်ငွေကို ထိမ်ချန်ဖော်ပြတယ်လို့အများက သိသွားရင် ငွေကြေးဆုံးရှုံးတာထက် လူမှုအသိုင်းအဝိုင်းရဲ့ ယုံကြည်မှုကို ဆုံးရှုံးမှု က ပိုကြီးမားတယ်။ အခွန်ကို ရိုးသားစွာပေးဆောင်တာဟာ လူ့အဖွဲ့ အစည်းအပေါ် တာဝန်ကျေပွန်ပြီး ဂုဏ်သိက္ခာရှိတဲ့ နိုင်ငံသား တစ်ယောက်ရဲ့ ကျင့်ဝတ်တစ်ခု ဖြစ်တယ်။

"နောက်ပိုင်း ဂျပန်နိုင်ငံရဲ့ အခွန်ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး လေ့လာကြည့်တော့ ကလေးတွေကို မူလတန်းကျောင်းမှာကတည်းက ကျောင်း၊ ဆေးရုံ၊ စာကြည့်တိုက်၊ ပန်းခြံ၊ လမ်း၊ တံတား စတဲ့ အများ ပြည်သူအသုံးပြုတဲ့ အဆောက်အအုံတွေဟာ ပြည်သူတွေ ထည့်ဝင် ထားတဲ့ အခွန်ဘဏ္ဍာငွေနဲ့ တည်ဆောက်ထားတာဆိုတဲ့ အသိအမြင်ရ အောင် ပြုစုပျိုးထောင်ပေးကြတယ်လို့ သိလာရတယ်။

"အဲဒီလို သိလာပြီးနောက်ပိုင်း ကျုပ်တွေးမိတာတစ်ခုက **ပြည်သူ အများက အခွန်ပေးဆောင်ခြင်းကို မိမိတို့လူ့အဖွဲ့အစည်းအတွက် ဂုဏ်ယူဖွယ်ရာ တာဝန်တစ်ရပ်ဆိုတာ နားလည်လက်ခံလာတဲ့အခါ အခွန်ယဉ်ကျေးမှုက တဖြည်းဖြည်း အမြစ်တွယ်ခိုင်မာလာတာ ဖြစ်မယ်လို့ ကျုပ်ယူဆမိတယ်။** နောက်ပြီး အခွန်ဌာနနဲ့အတူ ကဏ္ဍ အသီးသီးက တာဝန်ရှိသူများအနေနဲ့လည်း အတူပူးပေါင်းဆောင်ရွက် ကြမယ်ဆိုရင် အခွန်ယဉ်ကျေးမှုက ပိုမိုထွန်းကားလာမှာဖြစ်တယ်" **နိဂုံး**

ဦးဆန်းက အပြုံးဖြင့် ပြန်လည်တုံ့ပြန်လိုက်သည်။

"ဒါဆို အခွန်ယဉ်ကျေးမှုထွန်းကားဖို့ ကျုပ်တို့တွေကလည်း ကိုယ့်တာဝန်ကို ဂုဏ်ယူစွာနဲ့ ထမ်းဆောင်ဖို့ လိုမှာပေါ့ဗျာ"

ဦးကျော်လွင်က "အမှန်ပဲ။ **နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ အစိုးရတစ်ဖွဲ့တည်းရဲ့ တာဝန်မဟုတ်ဘူး။ ပြည်သူတစ်ဦးချင်းစီရဲ့ တာဝန်ယူစိတ်၊ စည်းကမ်းလိုက်နာစိတ်နဲ့ ပူးပေါင်းပါဝင်မှုတွေပေါ် မှာလည်း မူတည်တယ်။ ဒါကြောင့်မို့ အခွန်ကို မှန်မှန်ကန်ကန် ပေးဆောင်ခြင်းဆိုတာ နိုင်ငံတော်တည်ဆောက်ရေးနဲ့ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ်မှာ မိမိကိုယ်တိုင် ပါဝင်နေခြင်းပဲ ဖြစ်တယ်"**

ဦးဆန်းနဲ့ ကိုရဲတို့က ပြိုင်တူခေါင်းညိတ်လိုက်ကြသည်။

ဦးကျော်လွင်က လက်ဖက်ရည်ကို ကုန်အောင် သောက်လိုက်ပြီး ပုဆိုးခါးပုံစကို ပြင်လိုက်ရင်း ရယ်မောကာ ပြောလိုက်သည်။

"ကဲ... ကိုရဲ... အခွန်အကြောင်းအများကြီး ဆွေးနွေးလို့ပြီးပြီ ဆိုတော့ လက်ဖက်ရည်ဖိုး ရှင်းမယ်ကွာ။ ပြေစာပေါ်မှာ အခွန်အမှတ် တံဆိပ်ကပ်ဖို့မမေ့နဲ့နော်.."

"စိတ်ချပါ ဆရာ။ ဒီနေ့ကစပြီး ကျုပ်ကလည်း နိုင်ငံသားကောင်း တစ်ယောက်ရဲ့ တာဝန်ကိုကျေပွန်အောင် ထမ်းဆောင်တော့မှာပါ" ဟု ကိုရဲက ပြန်ဖြေလိုက်သည်။

စကားဝိုင်းကတော့ ထိုသို့ ရယ်ရယ်မောမောဖြင့် အဆုံးသတ်သွား ခဲ့သည်။

သို့သော် အခွန်နှင့်ပတ်သက်၍ အတွေးအမြင်သစ်များ၊ နိုင်ငံသား ကောင်းပီပီ အခွန်တာဝန်ကျေပွန်လိုစိတ်များကတော့ သူတို့၏ စိတ်ထဲတွင် ဆက်လက်ရှင်သန်နေခဲ့လေသည်။

ထို့ကြောင့် **ကျွန်တော်တို့နိုင်ငံသားတိုင်းသည် အခွန်ဆိုင်ရာ အခွင့်အရေးများကို မှန်ကန်စွာ သိရှိနားလည်ပြီး အခွန်ဆိုင်ရာ တာဝန်များကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် ကျေပွန်အောင်ထမ်းဆောင် ကြပါစို့** ဟု တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါသည်။

**ဆောင်းပါးကောက်နုတ်ချက်**

- ❖ အခွန်ပေးဆောင်ခြင်းသည်မိမိတို့အနာဂတ်အတွက် ရင်းနှီး မြှုပ်နှံခြင်းနှင့် နိုင်ငံတည်ဆောက်ရေးတွင် ကိုယ်တိုင်ပါဝင်ခြင်း ဖြစ်သည်။
- ❖ ပြည်သူလူထု၏ စားဝတ်နေရေး အဆင်ပြေရန်အတွက် အခြေခံ ကုန်စည်နှင့်အများပြည်သူဝန်ဆောင်မှုများကို ကုန်သွယ်လုပ်ငန်း ခွန်ကင်းလွတ်ခွင့်ပြုထားသည်။
- ❖ MSME များသည် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခွန်မူဝါဒပိုင်း ကနေလည်း ပံ့ပိုးဆောင်ရွက်ပေးထားပါသည်။
- ❖ အခွန်ထမ်းဆိုတာ အခွန်ပေးရသူ သက်သက်ပဲမဟုတ်ဘူး။ အခွင့်အရေးတွေကိုလည်း အပြည့်အဝရရှိထားသူ ဖြစ်တယ်။

**ကိုးကား**


၁။ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ ၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ

၂။ ပြည်တွင်းအခွန်များဦးစီးဌာနဝက်ဘ်ဆိုက် (www.ird.gov.mm)

၃။ Schenk, A., Thuronyi, (2015) Value Added Tax: A Comparative Approach. 2nd edn.



## ရွှေတိဂုံစေတီတော်မြတ်ကြီး၌ အသစ်ဆောက်လုပ်ပြီးစီးသော အများသုံးသန့်စင်ခန်း လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၆**

ရွှေတိဂုံ စေတီတော်မြတ်ကြီး၏ အလယ်ပစ္စယံပတ်လမ်း စနေထောင့်၌ အသစ်ဆောက်လုပ်ပြီးစီးသော အများသုံးသန့်စင်ခန်း လွှဲပြောင်းပေးအပ်ပွဲနှင့် ရေစက်ချပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စေတီတော် တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်း ဂေါပကအဖွဲ့များနှင့် အလှူရှင်မိသားစုများက အများသုံး သန့်စင်ခန်း အဆောက်အအုံကို ဖွင့်လှစ်ပေးကြပြီး(ဝဲပုံ) ဂေါပကအဖွဲ့ထံ သန့်စင်ခန်း အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်သည်။

ထို့နောက် ရေစက်ချပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံ အားလုံး စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်

**နေပြည်တော် ဇူလိုင် ၂၆**

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၁၇ ထပ် အဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ဖျက်ဆီးမည့် အဆောက်အအုံ အလုံး၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး ၂၀ အနက် နောက်ဆုံးကျန်ရှိသည့် ၁၇ ထပ် အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲ ဖျက်ဆီးခဲ့သဖြင့် ရာနှုန်းပြည့် ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ ၇၇ လုံးအား ၂၀၂၆ ခုနှစ် မေ ၂၅ ရက်မှစ၍ ယာဉ်ယန္တရားများအသုံးပြု၍လည်းကောင်း၊ ဖောက်ခွဲ၍လည်းကောင်း ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ဖြိုချဖျက်ဆီးနိုင်ခဲ့သည်။




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများ ဖောက်ခွဲဖျက်ဆီးမှုနေရာပြမြေပုံ။

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် ၁၇ ထပ်အဆောက်အအုံအား ယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေမှုကို တွေ့ရစဉ်။



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် ၁၇ ထပ်အဆောက်အအုံ ဖြိုဖျက်ပြီးပုံအား တွေ့ရစဉ်။


** ရှေ့ဖုံးမှ*


ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ၃-၈-၂၀၂၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။


မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**



## စိမ်းသင့်မှစိမ်း ယိမ်းသင့်မှယိမ်း

❖ တစ်မြေတည်းနေ တို့တစ်တွေတွင်
ဖွေရှာအပြစ် ရှာကြံလုပ်ကာ
ချစ်စကိုတုံး မုန်းပြသုံး၍
ပြုံးရယ်မဲ့ကင်း ဆင်းရဲဆင်း။
❖ မိမြန်မာဖွား တစ်ခရီးသွား
နွားကျွဲသဏ္ဍာန် ဉာဏ်ခြေခံဖြင့်
မှန်မစဉ်းစား ရမ်းရမ်းကားကြောင့်
အားအင်ချို့ယွင်း တိုင်းပြည်တွင်း။
❖ ညီအစ်ကိုရင်း အချင်းချင်းဝယ်
နင်းကာဖို့ချ ဗိုလ်တွေကျသော်
ရလိုငြိမ်းချမ်း အမှောင်ခန်းမို့
လမ်းနှင့်ချော်ဝေး တိုးတက်ရေး။
❖ ရန်သူလိုစိမ်း တို့ရင်ကိန်းရင်
ယိမ်းကာတိမ်းမှောက် အမှောင်ချောက်၌
အောက်နောက်ချေး(နွားချေး)လူး သဲပေါ်ဖြူးသို့
ကူးစွမ်းမသွေ ရောက်ရခြေကြောင့်
ဆွေသဟာထိန်း ငြိမ်းချမ်းသိမ်းလျက်
စိမ်းသင့်မှစိမ်း ယိမ်းသင့်မှယိမ်း။

ညီဂုဝင်း(ချစ်မြေ)

## ပြည်သူ့ကျန်းမာရေး သားဖွားမီးယပ် အရေးပေါ်အခြေအနေ၌ မှန်ကန်သည့် ဆုံးဖြတ်ချက်ချနိုင်ရေး အွန်လိုင်းမှ ဆွေးနွေးမည်

**ရန်ကုန် ဇူလိုင် ၂၆**

ဆေးရုံ၊ ဆေးခန်းများနှင့် ပြည်သူလူထုအတွင်း သားဖွားမီးယပ် အရေးပေါ် အခြေအနေများတွင် လျင်မြန်မှန်ကန်စွာ ဆုံးဖြတ်ချက်ချနိုင်ရန် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌနှင့် အတွေ့အကြုံရှိ သူနာပြုဆရာမကြီးများက တန်ဖိုးရှိသော ဗဟုသုတများကို မျှဝေဆွေးနွေးပေးသွားမည့် Webinar ကျင်းပသွားမည်ဟု မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီမှ သိရသည်။

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီက ဦးစီးကျင်းပသော သူနာပြုသားဖွားများအတွက် CPD(3) points ရရှိမည့် တိုက်ရိုက်အွန်လိုင်းထုတ်လွှင့်မှု (Live Webinar) တစ်ခုကို ဇူလိုင် ၃၀ ရက်မွန်းလွဲ ၁ နာရီတွင် Z-waka application နှင့် Zoom platform တို့ပေါ်တွင် Decision-Making on Obstetric Emergencies for Nurses and Midwives in Clinical Settings ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဟု အသိပေးထားသည်။

၎င်း Webinar တွင် သူနာပြုနှင့်သားဖွားကောင်စီဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ခင်က "Identifying High-Risk Pregnancies in the Community: Initial Assessment, Birth Planning & Referral Decisions" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်ဗဟိုအမျိုးသမီးဆေးရုံကြီးမှ သူနာပြုဆရာမကြီး ဒေါ်ပန်းအိခိုင်က "Pre-eclampsia and Eclampsia: Severity Assessment, Nursing Management & Case-Based Clinical Decision-Making" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အထက်တန်းသူနာပြု ဒေါ်ဆွေစိုးမာက "Case-Based Assessment and Hospital Nursing Management on Placenta Previa" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အစီအစဉ်ကို Z-waka app တွင် စာရင်းသွင်းရန်လင့်ခ်မှ စာရင်းပေးသွင်းနိုင်ပြီး Announcement Poster တွင် ပါဝင်သော Zoom QR code အား Scan ဖတ်၍ဖြစ်စေ၊ Zoom ID, Passcode ရိုက်ထည့်၍ဖြစ်စေ ၊ Zoom link ကို နှိပ်၍ဖြစ်စေ ဝင်ရောက်ပြီး စာရင်းသွင်းကာ တက်ရောက်နားထောင်နိုင်ကြောင်း သိရသည်။

Webinar အတွက် CPD point ရယူလိုပါက KBZ pay - 09 - 448 542329 သို့ CPD (3) points အတွက် ငွေကျပ် ၃၀၀၀ ပေးသွင်း၍ ငွေဖြတ်ပိုင်းကို 09-420722496 သို့ မှတ်ချက်တွင် တက်ရောက်မည့်ပွဲအမည်၊ နေ့ရက် စသည်တို့ကို ပြည့်စုံစွာရေး၍ ပေးပို့ရန် ဖော်ပြထားသည်။ Z-waka App အကောင့် မှတ်ပုံတင်ပြုလုပ်ခြင်း၊ အသုံးပြုခြင်းများတွင် အဆင်မပြေမှုတစ်စုံတစ်ရာရှိပါက Z-waka ၏ ရုံးဖုန်းနံပါတ် ၀၉-၄၂၄၅၉၆၃၀၀ ကို ရုံးဖွင့်ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ခေါ်ဆိုမေးမြန်းနိုင်ကြောင်း သိရသည်။

MT



## စလင်းမြို့နယ်၌ ကျေးရွာမြေပုံဇာဂရန်ပေးအပ်

**စလင်း ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကျေးရွာမြေပုံဇာဂရန် ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်က ကူဖြူကျေးရွာ မြေပုံဇာဂရန် ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ထို့နောက် ကျေးရွာမြေပုံဇာဂရန်များကို မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အုပ်ချုပ်ရေး တာဝန်ရှိသူများက မြေပုံဇာဂရန် ၆၈ ခုကို ကျေးရွာနေပြည်သူများ၏ လက်ဝယ်အရောက်ပေးအပ်ရာ ကူဖြူကျေးရွာမှ ဒေသခံပြည်သူများက လက်ခံရယူခဲ့သည်။

မောင်လွှင်(စလင်း)

## ပျော်ဘွယ်မြို့နယ်၌ ဒုတိယအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး

**ပျော်ဘွယ် ဇူလိုင် ၂၆**

ပျော်ဘွယ်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးဆောင်၍ ဒုတိယအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ကင်းတာကျေးရွာအနီး ရန်ကုန် - မန္တလေးကားလမ်းမဘေး မိုင်တိုင်အမှတ် ၂၈၈/၂ အနီး၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအောင်ကျော်မိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ထွေးနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြို့နယ်သစ်တောဦးစီးမှူး ဦးအောင်ခင်ဦးနှင့် တာဝန်ရှိသူများက ပျိုးပင်များပေးအပ်ကာ တမာ၊ စစ်၊ ပိတောက်၊ ကုက္ကို၊ မဲဇလီ၊ စိန်ပန်း စသည့်ပျိုးပင် ၆၀၀ ကို တက်ရောက်လာသူများက စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)





ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ ခွဲတမ်းရ စားအုန်းဆီ လက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချလျက်ရှိသော အရောင်းဆိုင်များကို မြို့နယ်စားအုန်းဆီ ဖြန့်ဖြူးရောင်းချမှုကြီးကြပ်ရေးအဖွဲ့က ဇူလိုင် ၂၅ ရက်က ကွင်းဆင်းစစ်ဆေးရာ စားအုန်းဆီလက်လီ လက်ကားဖြန့်ဖြူးရောင်းချသူများအနေဖြင့် သတ်မှတ်ရည်ညွှန်းဈေးနှုန်းအတိုင်း ဗီနိုင်းချိတ်ဆွဲ ဖြန့်ဖြူးရောင်းချမှု ရှိ/ မရှိ၊ အလေးချိန် မှန်ကန်မှု ရှိ/ မရှိ ၊ ဆီစာအုပ်များဖြင့် စနစ်တကျ ထုတ်ပေးခြင်းနှင့် ရရှိသော ဆီပိဿာချိန်များကို ဌာနမှ ချမှတ်ထားသော မှန်ခြောက်မှန်နှင့်အညီ ပြည်သူများအား အမှန်တကယ် ရောင်းချပေးခြင်း ရှိ မရှိ စစ်ဆေးစဉ်။

စိုးထက်ကျော်(ပြန်/ဆက်)

## မိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း ကွင်းသရုပ်ပြပွဲနှင့် မြေသြဇာပေးအပ်



**ရေး ဇူလိုင် ၂၆**

မွန်ပြည်နယ် ရေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် မိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း ၆ တန်း၊ ၁ တန်းလှပ်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲနှင့် မျိုးစေ့ထုတ်တောင်သူများအား မြေသြဇာပေးအပ်ပွဲကို ဇူလိုင် ၂၄ ရက်က အစင်ကျေးရွာအုပ်စု ကွင်းကြီးအနောက်ကွင်း၌ ကျင်းပရာ ရေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ(ခေတ္တ) ဥက္ကဋ္ဌ သူရဦးရန်နိုင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်အေးအေးမွန်တို့က ဓာတ်မြေသြဇာများကို တောင်သူတစ်ဦးချင်းအား ပေးအပ်သည်။ ဆက်လက်၍ တာဝန်ရှိသူများက မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း ၆ တန်း၊ ၁တန်းလှပ် စိုက်ပျိုးခြင်း နည်းစနစ်ဖြင့် တောင်သူများ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ရှင်းသန့်ဖြူ

**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**

# သန္ဓေတောထွက် သုံးချက်ခါညီ သည်ရာသီ

* ဝါဆိုလပြည့် ကြွက်မင်းနေ့ဝယ်
ချမ်းမြေ့ကြည်ဖြူ သန္ဓေယူခဲ့
နတ်လူအပေါင်း ကယ်တင်ကြောင်းဖြင့်
ဘုရားလောင်းလျာမြတ်ဗုဒ္ဓါ။

* သဗ္ဗညုတ ဉာဏ်ကိုရသော်
များလှဗိုလ်ခြေ လွတ်စေရာမှန်း
သံသရာလမ်းမှ ဟောပြည္ဟန်မြွက်
ဓမ္မစကြာ ကျင့်ရာလမ်းမှန်
နိဗ္ဗာန် မျက်မှောက် ဉာဏ်စဉ်ရောက်စေ
ဝမ်းမြောက်ကြည်နူး တရားဦး။

* စကြာဝဠာ နတ်ဗြဟ္မာနှင့်
ကြွလာအများ လူသားငါးဦး
တရားထူးသခင် ဘုရားရှင်ကို
စိတ်တွင်မျှော်မှန်း ပုန်းညက်ပန်းနှင့်
လှူဒါန်းပြုအပ် ကရကဋ္ဌရာသီ
တူညီထွန်းကာ ကြယ်ပြုဗ္ဗာနှင့်
လဝါရောင်လင်း ကောင်းခြင်းဖြာဖြာ
ဝါဆိုကာလ မြတ်ပေစွ။

* လမ္ဗရာစည်ကြီး တီးခတ်ညည်းတော့
မိုးကြီးသည်းထန် ရွာသွန်းပြန်လျှင်
ထိမှန်ရင်တွင်း လွမ်းမိုးပြင်း၏
ဝါတွင်းခါဆို ဘယ်ကိုရည်မှန်း
တမ်းတမြင်လာ မိဂဒါဝုန်
သားမျိုးစုံပေါ် မြိုင်တကြောမှာ
သာမောပေစွ ဝါဆိုလ။

* ဩော်
သန္ဓေတောထွက် ဓမ္မစက်ဟု
သုံးချက်ခါညီ သည်ရာသီလှ
ဝါဆိုလကို ညွှန်းဆိုဖွဲ့ကာ
စာကဗျာဖြင့် ပဏ္ဏာတင့်ပြီ
ဂုဏ်မြင့်ပေစွ ဝါဆိုလ။
ထူးတင့်ဆန်းလှ ခါသမယ။

ဘိုမျိုး(ရွှေဘို)

## အေအိုင်နှင့် ကျွန်တော် (၅)

အယ်ဒီတာတစ်ဦး

ကျွန်တော်တို့အနီးဝန်းကျင်တွင် ဉာဏ်ရည်တု နည်းပညာ(AI)က အသုံးပြုနိုင်ဖို့ အသင့်ရှိနေသည်။ သို့ဖြစ်၍ ကျွန်တော်သိချင်တာတစ်ခုခုရှိလာပါက အေအိုင်ကို မေးမြန်းတတ်လာသည်။ အေအိုင်ထံမှ အဖြေ၊ အေအိုင်၏ အကြံပြုချက်ကို ရယူဖြစ်လာသည်။

ယနေ့ ကျွန်တော် အေအိုင်ကိုမေးမိသည့် မေးခွန်းနှင့် ပတ်သက်၍ အဖြေအရ နောင်မျိုးဆက်သစ်များအတွက် ကျွန်တော်တို့ ပိုမိုကောင်းမွန်သော စိတ်ထားများ၊ လုပ်ဆောင်ချက်များလုပ်ဖို့ လိုအပ်နေပြီဟု ဤသို့ မှတ်တမ်းပြုမိလိုက်ပါသည်။

**မေးခွန်း – စိတ်ဓာတ်၊ စည်းကမ်းမကောင်း၊ ရေသာခို အချောင်လိုက်စိတ်များပြား၊ မူးယစ်ဆေးဝါးကပေါများ၊ လောင်းကစားကို ထွက်ပေါက်လုပ်၊ လူဆိုးလူမိုက်တွေပေါများတော့ ဒုစရိုက်မှုတွေ များပြားနေတာမို့ ဘယ်ကစပြီး ဘယ်လိုလုပ် ပြန်တည့်မတ်လို့ ရနိုင်မလဲ။**

**အဖြေ။** လူမှုအဖွဲ့အစည်းတစ်ခုအတွင်း စိတ်ဓာတ်၊ စည်းကမ်းပျက်စီးခြင်း၊ ဒုစရိုက်မှုနှင့် မူးယစ်ဆေးဝါးပေါများလာခြင်းတို့သည် **စနစ်တစ်ခုလုံး မဏ္ဍိုင်ယိမ်းယိုင်နေကြောင်း** ပြသနေသည့် လက္ခဏာများဖြစ်ပါသည်။ ဤကဲ့သို့ နက်နက်ရှိုင်းရှိုင်း ပျက်စီးနေသောအခြေအနေကို ပြန်လည်တည့်မတ်ရန်မှာ တစ်ဦးတစ်ယောက်တည်း သို့မဟုတ် နည်းလမ်းတစ်ခုတည်းဖြင့် မဖြစ်နိုင်ဘဲ **စနစ်တကျနှင့် ရေရှည်စီမံကိန်းများဖြင့်** ပြန်လည်တည်ဆောက်ရမည် ဖြစ်ပါသည်။

ဤပြဿနာကို ဘယ်ကစပြီး ဘယ်လိုပြန်လည်တည့်မတ်နိုင်မလဲဆိုသည်ကို အခြေခံကျသော အဆင့် (၄) ဆင့်ဖြင့် သုံးသပ်တင်ပြအပ်ပါသည်။

**၁။ တရားဥပဒေစိုးမိုးရေးမှ စတင်ခြင်း (Immediate Rule of Law)**

အစပြုရန် အရေးကြီးဆုံးနှင့် အမြန်ဆုံးလုပ်ဆောင်ရမည်မှာ **တရားဥပဒေစိုးမိုးမှု(Rule of Law)** ကို ပြန်လည်ထူထောင်ခြင်းဖြစ်သည်။

- **ပြစ်ဒဏ်နှင့် တရားမျှတမှု။** ဒုစရိုက်မှုများ၊ လောင်းကစားနှင့် မူးယစ်ဆေးဝါး ရောင်းဝယ်မှုများကိုရာထူး/အဆင့်အတန်းမခွဲခြားဘဲ **ဥပဒေအတိုင်း ပြတ်ပြတ်သားသား အရေးယူခြင်း** စတင်ရမည်။
- **ကြောက်ရွံ့မှုထက် လေးစားမှု ရှိစေခြင်း။** ဥပဒေကို မလိုက်နာပါက ထိရောက်သော ပြစ်ဒဏ်ရှိသည် ဆိုသည့် အသိကို အဖွဲ့အစည်းအတွင်း ရိုက်သွင်းမှသာ လူဆိုး/လူမိုက်များ၏ သြဇာကျဆင်းသွားမည် ဖြစ်သည်။

**၂။ စီးပွားရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးခြင်း (Economic Opportunities)**

လူအများ ရေသာခိုခြင်း၊ အချောင်လိုက်ခြင်းနှင့် လောင်းကစားကို ထွက်ပေါက်လုပ်ကြခြင်း၏ ပဓာနအကြောင်းရင်းမှာ **ရိုးသားစွာ လုပ်ကိုင်စားသောက်ရန် လမ်းစပျောက်နေခြင်းနှင့် စီးပွားရေးကျပ်တည်းခြင်း**ကြောင့် ဖြစ်သည်။

- **အလုပ်အကိုင် ဖန်တီးပေးခြင်း။** လူငယ်များအတွက် ပညာနှင့်လျော်ညီသော သို့မဟုတ် သက်မွေးဝမ်းကျောင်း သင်တန်းများမှတစ်ဆင့် ပုံမှန်ဝင်ငွေရရှိမည့် အခွင့်အလမ်းများ ဖန်တီးပေးရမည်။
- **တရားဝင်လမ်းကြောင်း ပွင့်စေခြင်း။** ကြိုးစားရင် ကြိုးစားသလောက် ရလဒ်ထွက်နိုင်သည့် စီးပွားရေးပတ်ဝန်းကျင်မျိုးရှိမှသာ လောင်းကစားနှင့် အချောင်လိုက်စိတ်လျော့ပါးသွားမည်ဖြစ်သည်။

**၃။ ပညာရေးနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ တည်ဆောက်ခြင်း (Education & Moral Values)**

ရေရှည်အတွက် အကျိုးအရှိဆုံးနှင့် မရှိမဖြစ်လိုအပ်သည့်အဆင့်မှာ **ပညာရေးနှင့် မိသားစု အသိုက်အဝန်းကို ပြန်လည်ပြုပြင်ခြင်း** ဖြစ်သည်။

- **အခြေခံပညာစနစ် ပုံစံပြောင်းခြင်း။** ကျောင်းများတွင် စာမေးပွဲအမှတ် တစ်ခုတည်းကို ဦးမတည်ဘဲ **ကျင့်ဝတ်ဆိုင်ရာ (Ethics)၊ စည်းကမ်းဆိုင်ရာနှင့် လူမှုအဖွဲ့အစည်းအပေါ် တာဝန်သိမှုဆိုင်ရာ (Civic Duty)** သင်ခန်းစာများကို မူလတန်းအရွယ်ကတည်းက စနစ်တကျထည့်သွင်းသင်ကြားရမည်။
- **မူးယစ်ဆေးဝါး အသိပညာပေးရေးနှင့် ကုသရေး။** မူးယစ်ဆေးဝါး သုံးစွဲသူများကို ရာဇဝတ်သားအဖြစ် ကြည့်ရှုတင်မဟုတ်ဘဲ **ကျန်းမာရေးပြဿနာအဖြစ် ရှုမြင်ကာ ပြန်လည်ထူထောင်ရေး (Rehabili–tation)စခန်းများ** ထူထောင်ပေးရမည်။

**၄။ လူမှုအဖွဲ့အစည်းနှင့် စံနမူနာကောင်းများ ဖန်တီးခြင်း (Community & Leadership)**

လူတစ်ဦးစီ၏ စိတ်ဓာတ်သည် ပတ်ဝန်းကျင်၏ လွှမ်းမိုးမှုကို အဓိကခံရသဖြင့် ပတ်ဝန်းကျင်၏ စံနှုန်း (Social Norms) ကို ပြောင်းလဲရန် လိုအပ်သည်။

- **ခေါင်းဆောင်ကောင်း စံနမူနာ (Leading by Example)။** အုပ်ချုပ်သူများ၊ ဆရာ ဆရာမများ၊ မိဘများနှင့် ရပ်ကွက်လူကြီးများက စည်းကမ်းရှိမှုနှင့် ရိုးသားမှုကို ကိုယ်တိုင် ပြသရမည်။
- **အများပိုင်နေရာများနှင့် လူငယ်လှုပ်ရှားမှုများ။** လူငယ်များ အချိန်ဖြုန်းစရာ၊ အားကစားလုပ်စရာ၊ အနုပညာနှင့် ဆန်းသစ်တီထွင် ဖန်တီးနိုင်စရာ **ပြင်ပကျန်းမာရေးနှင့် လှုပ်ရှားမှုနေရာ (Community Centers)** များကို ဖန်တီးပေးခြင်းဖြင့် မကောင်းသော အပေါင်းအသင်း/နေရာများသို့ ရောက်ရှိသွားခြင်းမှ တားဆီးနိုင်သည်။

**နိဂုံးချုပ်**

ဤကဲ့သို့ ပျက်စီးနေသော လူမှုအသိုက်အဝန်းကို ပြန်လည်ပြုပြင်ရန်မှာ **ရက်ပိုင်း/လပိုင်းအတွင်း မဖြစ်နိုင်ဘဲ မျိုးဆက်တစ်ခုစာခန့် (ရေရှည်) အချိန်ယူရမည်** ဖြစ်သည်။

**တရားဥပဒေစိုးမိုးရေး**ဖြင့် အရေးပေါ် ထိန်းကျောင်းပြီး **စီးပွားရေးနှင့် အလုပ်အကိုင်** ဖြင့် တွန်းအားပေးကာ **ပညာရေးနှင့် ကျင့်ဝတ်**ဖြင့် ရေရှည် ပုံသွင်းယူခြင်းသည်သာ ဤအမှောင်ထုမှ ထွက်မြောက်နိုင်မည့် တစ်ခုတည်းသော လမ်းကြောင်းဖြစ်ပါသည်။



ရန်ကုန်တိုင်းဒေသကြီး ဥက္ကံမြို့၌ မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၆ ရက်က ဥက္ကံမြို့ ဥက္ကံ-ကျွဲဘုတ် ကျေးရွာချင်းဆက်လမ်း၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသက်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းစိုးနိုင်နှင့် ကျောင်းသားကျောင်းသူများက ပျိုးပင် ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးစဉ်။

ဝတ်ရည်(ပြန်/ဆက်)

## ဖြူးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေး

ဖြူး ဇူလိုင် ၂၆

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ အထက(၂) ကျောင်းမှ ကျောင်းသား ကျောင်းသူများအား လမင်းစီမံချက်အတွင်း (One Stop Service)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ဇူလိုင် ၂၅ ရက်မှ စတင်ကာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဖြူးမြို့နယ် ဦးစီးမှူးရုံး၌ နေ့ချင်းပြီး ဆောင်ရွက်ပေးရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်မင်းနိုင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်အောင်၊ မြို့နယ်လဝကဦးစီးမှူး ဦးခင်မောင်ထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှု၍ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ခဲ့သည်။ **နေမျိုးလွင် (ပြန်/ဆက်)**



**❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card ၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အလင်းရောင်နောက်က အမှောင်ရိပ်နှင့် တရားမဲ့ခြင်း၏ နိဒါန်း

**ရိုးသားခြင်း ကင်းမဲ့တဲ့အလင်းဟာ အမှောင်ထက် ပိုမိုကြောက်မက်ဖွယ်ကောင်းပါတယ်။ "မီးခိုးတာပဲ ဘာဖြစ်လဲ" ဆိုတဲ့ အတွေးသေးသေးလေးကနေ ဥပဒေကို မလေးစားတဲ့စိတ်ဓာတ် စတင်ပျိုးထောင်မိရာ ရောက်ပါတယ်။ ဒါဟာ လူ့အဖွဲ့အစည်းတစ်ခုလုံး စည်းကမ်းပျက်ပြားဖို့ လမ်းစခင်းပေးလိုက်ခြင်း ဖြစ်ပါတယ်။**

ပါဝါ

လူတွေဟာ အမှောင်ထုကို မောင်းထုတ်ဖို့ အလင်းရောင်ကို ရှာဖွေကြပါတယ်။ ဒါပေမဲ့ မိမိ အိမ်ခန်းလေး လင်းထိန်ဖို့အတွက် တရားမဝင် စည်းကမ်းမဲ့ ရယူလိုက်တဲ့ လျှပ်စစ်အလင်းတန်းဟာ သင့်နောက်ကွယ်မှာ ပုန်းကွယ်နေတဲ့ 'အမှောင်ရိပ်' တစ်ခုဆိုတာ သတိပြုမိပါရဲ့လား။ ထိုအမှောင်ရိပ်ဟာ စာရိတ္တမဲ့ပြာကျမှုနဲ့ အတ္တဆန်မှုကို အခြေခံနေပါတယ်။ ဥပဒေကို မျက်ကွယ်ပြုပြီး ကိုယ်ကျိုးရှာခြင်းဟာ လူမှုပတ်ဝန်းကျင်တစ်ခုလုံး ပျက်စီးစေမယ့် 'တရားမဲ့ခြင်းရဲ့ နိဒါန်း' ပဲ ဖြစ်ပါတယ်။





မီတာတပ်ဆင်မှု မရှိဘဲ ဓာတ်အားလိုင်းမှ တိုက်ရိုက်ချိတ်ဆက်၍ ခိုးယူသုံးစွဲခြင်း



တပ်ဆင်ထားသော မီတာကို နည်းလမ်းတစ်ခုခုဖြင့် မီတာယူနစ် လျော့နည်းအောင် ပြုလုပ်သုံးစွဲခြင်း



တပ်ဆင်ထားသော မီတာကိုအဆင့်မြင့်နည်းပညာဖြင့် မီတာယူနစ်လျော့နည်းအောင် ပြုလုပ်သုံးစွဲခြင်း

တရားမဝင် လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှု (Power Theft) ဆိုတာ လျှပ်စစ်ဓာတ်အားကို တရားဝင် မီတာတပ်ဆင်မှုမပြုဘဲ ရယူသုံးစွဲတာ သို့မဟုတ်တရားဝင်တပ်ဆင်ထားတဲ့ မီတာမှာ မသမာတဲ့နည်းလမ်းတွေ အသုံးပြုပြီး မိမိသုံးစွဲထားတဲ့ လျှပ်စစ်ဓာတ်အားပမာဏ(ယူနစ်) အပြည့်အဝအတွက် ဓာတ်အားခမပေးဆောင်ရစေဖို့ ဆောင်ရွက်ကြတာဖြစ်ပါတယ်။ ဒီလိုတရားမဝင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုတွေမှာ သာမန်မီတာတွေကစလို့ ခေတ်မီနည်းပညာမြင့် မီတာတွေအထိ မီတာလိုင်းကျော်သုံးခြင်း (Bypass)၊ မီတာအတွင်းပိုင်း အစိတ်အပိုင်းတွေကို မူလအနေအထား ပျက်ယွင်းအောင် တိုးတက်လာတာနဲ့အမျှ မသမာသူတွေကလည်း ခေတ်မီဆန်းပြားတဲ့ နည်းလမ်းမျိုးစုံကို အသုံးပြုလာကြတာ တွေ့နေရပါတယ်။

သက်ရောက်မှုနဲ့ဆိုးကျိုးများ (Impacts & Consequences) ကတော့ တရားမဝင်လျှပ်စစ်ဓာတ်အားရယူသုံးစွဲမှုတွေကြောင့် ဓာတ်အားပျောက်ဆုံးမှုများလာပြီး ဓာတ်အားဖြန့်ဖြူးမှုစနစ်ရဲ့တည်ငြိမ်မှုကိုပါ ထိခိုက်ပါတယ်။ မိမိအိမ်မှာ မီးလင်းနေပေမယ့် အများပိုင်ဓာတ်အားလိုင်းကနေ ခိုးယူထားတာကြောင့် တရားဝင် မီတာတပ်ဆင်သုံးစွဲနေသူတွေဆီရောက်ရမယ့်ဗို့အားတွေ ကျဆင်းကုန်ပါတယ်။ထရန်စဖော်မာတွေမှာ မမျှော်မှန်းထားတဲ့ ဝန်အားကြောင့် ဝန်ပို (Overload) ထမ်းရတာ၊ လိုင်းကြိုးတွေ အပူလွန်ကဲတာ၊ လျှပ်စစ်ပစ္စည်းတွေ ထိခိုက်ပျက်စီးတာ၊ Short Circuit ဖြစ်ပြီး မီးလောင်တာတို့ဟာ ဆင့်ကဲဆင့်ကဲအားဖြင့် လူတို့အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်စေနိုင်တဲ့ အန္တရာယ်တွေ ဖြစ်ပါတယ်။

လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲမှု များပြားလာသည်နဲ့အမျှ ဓာတ်အားပျောက်ဆုံးမှုများလာပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနဲ့ ဖြန့်ဖြူးခြင်း လုပ်ငန်းစဉ်တစ်လျှောက် စီးပွားရေးနဲ့ နည်းပညာပိုင်းဆိုင်ရာအခက်အခဲတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒ့ါအပြင် အဓိကဆိုးကျိုးက လျှပ်စစ်ကဏ္ဍမှာ ဝင်ငွေနဲ့အသုံးစရိတ် မကာမိခြင်းကြောင့် တိုးချဲ့တည်ဆောက်ရမယ့် စီမံကိန်းလုပ်ငန်းသစ်တွေအတွက် ထပ်မံရင်းနှီးမြှုပ်နှံဖို့ အခက်အခဲအကျပ်အတည်းကို ဖြစ်ပေါ်စေပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ရာမှာလည်း စိန်ခေါ်မှုတစ်ရပ် ဖြစ်လာပါတယ်။

တရားဥပဒေအရ ပြစ်ဒဏ်နဲ့ အရေးယူမှုအနေနဲ့ လျှပ်စစ်ဓာတ်အား တရားမဝင် ခိုးယူသုံးစွဲခြင်းအတွက် တည်ဆဲလျှပ်စစ်ဥပဒေအရ ထောင်ဒဏ်၊ ငွေဒဏ်အပြင် ဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုနည်းလမ်းအရ သတ်မှတ်ထားတဲ့ လျော်ကြေး/ နစ်နာကြေး ပေးဆောင်စေခြင်း၊ လျှပ်စစ်ဓာတ်အား ဖြတ်တောက်ခြင်း၊လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ကို ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းတို့ကို ဆောင်ရွက်သွားမှာဖြစ်ကြောင်း လျှပ်စစ်နဲ့ စွမ်းအင်ဝန်ကြီးဌာနက ကြေညာထားပြီးဖြစ်လို့ ကျူးလွန်ထားသူတွေအနေနဲ့ ပြစ်ဒဏ်ကျခံရတော့မှာဖြစ်ပါတယ်။ အလင်းရောင်ကို လူသားတိုင်း မက်မောပါတယ်။ ညဥ့်မှောင်မှောင်မှာ လျှပ်စစ်မီးရောင် မှိတ်တုတ်မှိတ်တုတ် မြင်ရုံနဲ့တင် ရင်ထဲနွေးထွေးမှုပေးစွမ်းနိုင်ပါတယ်။ ဒါပေမဲ့... အဲဒီအလင်းရောင်ဟာ ရိုးသားမှုကင်းမဲ့တဲ့ 'လောဘ' အောက်ကနေ ပေါက်ဖွားလာတာဆိုရင်တော့ တစ်နေ့မှာ သင့်ကို 'သောကမီးတောက်' အဖြစ် ပြောင်းလဲသွားမှာပါပဲ။ ဥပဒေအရ စစ်ဆေးတွေ့ရှိတဲ့အခါ ပြစ်ဒဏ်နဲ့ အရှက်ရမှုတွေကို ရင်ဆိုင်ရပါတယ်။

လောကနိယာမအရလည်း ပြစ်မှုဆိုတာ ကြာရှည်စွာဖုံးကွယ်ထားလို့မရဘဲ တစ်နေ့နေ့ တစ်ချိန်ချိန် ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ ဒ့ါအပြင် လျှပ်စစ်နဲ့ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့လည်း Digital မီတာတွေသာမက Analog မီတာတွေကိုပါ စောင့်ကြည့်စစ်ဆေးနိုင်တဲ့ စနစ်တစ်ခုကို တည်ဆောက်နေပြီဖြစ်လို့ မလွဲမသွေဓာတ်အားခိုးယူသုံးစွဲမှုကို ဖော်ထုတ်လာနိုင်တော့မှာ ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ဓာတ်အားခိုးယူသုံးစွဲမှုကြောင့် ပြည်သူတွေအပေါ် ထိခိုက်နစ်နာစေမှုတွေ ဖြစ်ပေါ်လျက်ရှိကြောင်း မီဒီယာတွေမှာ ဖော်ပြပေးနေမှုကြောင့် ပြည်သူတွေအနေနဲ့လည်း တိကျစွာ သတင်းပေးတိုင်ကြားလာမှု တဖြည်းဖြည်းများပြားလာတာမို့ ဓာတ်အားခိုးယူသုံးစွဲထားသူတွေအနေနဲ့ မကြာတော့သော ကာလအတွင်း ကျူးလွန်ထားတဲ့ တရားမဲ့ခြင်းတွေဟာ လူ့ပတ်ဝန်းကျင်မှာ ရှက်ဖွယ်ရာလုပ်ရပ်တွေအဖြစ် ပေါ်ပေါက်လာတော့မှာ ဖြစ်ပါတယ်။

မသမာသောနည်းလမ်းတွေအသုံးပြုပြီး တရားမဝင် ဓာတ်အားရယူသုံးစွဲခဲ့မှုတွေကို စစ်ဆေးတွေ့ရှိတဲ့အခါ ယင်းပြစ်မှုကျူးလွန်ထားသူက ယခင်က ဓာတ်အားခမပေးဆောင်ဘဲ ရယူသုံးစွဲခဲ့တဲ့ ဓာတ်အားတွေအတွက် ပြန်လည်ပေးလျော်စေရမှာဖြစ်လို့ လျော်ကြေးငွေတွက်ချက်မှုကို ဓာတ်အားသုံးစွဲမှုအမျိုးအစားအလိုက် အမြင့်ဆုံးနှုန်းနဲ့ သတ်မှတ်ကောက်ခံ ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။

ပြည်သူသို့အသိပေးကြေညာချက်တွေကို ယခုကာလအတွင်း သတင်းစာ၊ ဆိုရှယ်မီဒီယာနဲ့ မြန်မာ့ရုပ်မြင်သံကြားတို့မှတစ်ဆင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက မေတ္တာရပ်ခံဆောင်ရွက်မှုတွေ တွေ့နေရပါတယ်။ "လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများအနေဖြင့် မသမာသော နည်းလမ်းများကို အသုံးပြု၍ တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများ ပြုလုပ်ထားပါက ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၁ ရက် နောက်ဆုံးထားပြီး သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်အသိပေးကြပါရန်နှင့် ယင်းသို့ အသိပေးလာပါက ဖြေလျှော့ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါကာလ ကျော်လွန်ပြီးချိန်တွင် စစ်ဆေးတွေ့ရှိရပါက လျှပ်စစ်ဥပဒေနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဌာနသို့ ဆက်သွယ်အသိပေးသူများအား ဓာတ်အားဖြတ်တောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ ဒဏ်ကြေးငွေကျပ် ၃၀၀၀၀၀ တောင်းခံခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ ၂၀၁၄ ခုနှစ် လျှပ်စစ်ဥပဒေနှင့်အညီ တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ လျော်ကြေးငွေတွက်ချက်ရာတွင် မူလသတ်မှတ်ချက်၏ ၅၀ ရာခိုင်နှုန်းကိုသာ ကောက်ခံခြင်းဖြင့် ဖြေလျှော့ပေးနေကြောင်း" ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ကြေညာထားတာ တွေ့နေရပါတယ်။ ဝန်ကြီးဌာနက ဖြေလျှော့ပေးနေတဲ့ကာလမှာ တာဝန်သိပြည်သူတစ်ဦးအနေနဲ့ ဆက်သွယ်အသိပေးပြီး မိမိကိုယ်ကို ပြုပြင်သွားကြသင့်ပါတယ်။

ရိုးသားမှုနဲ့ရယူထားတဲ့ ဖယောင်းတိုင်တစ်တိုင်ရဲ့အလင်းဟာ တရားမဲ့စွာခိုးယူထားတဲ့ လျှပ်စစ်မီးထက် ပိုမိုတောက်ပပြီး သိက္ခာရှိပါတယ်။ အလင်းရောင်နောက်က အမှောင်ရိပ်တွေကို မောင်းထုတ်ပြီး တရားဥပဒေစိုးမိုးရေးနဲ့ ဘေးကင်းလုံခြုံတဲ့ လူမှုအသိုက်အဝန်းဆီသို့ ဦးတည်လျှောက်လှမ်းကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

**"မသမာသောနည်းလမ်းတွေအသုံးပြုပြီး တရားမဝင် ဓာတ်အားရယူသုံးစွဲခဲ့မှုတွေကို စစ်ဆေးတွေ့ရှိတဲ့အခါ ယင်းပြစ်မှုကျူးလွန်ထားသူက ယခင်က ဓာတ်အားခမပေးဆောင်ဘဲ ရယူသုံးစွဲခဲ့တဲ့ ဓာတ်အားတွေအတွက် ပြန်လည်ပေးလျော်စေရမှာဖြစ်လို့ လျော်ကြေးငွေတွက်ချက်မှုကို ဓာတ်အားသုံးစွဲမှုအမျိုးအစားအလိုက် အမြင့်ဆုံးနှုန်းနဲ့ သတ်မှတ်ကောက်ခံ ဆောင်ရွက်လျက်ရှိ"**

## ချောင်းဆုံမြို့နယ်၌ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးစေရန် ငှက်ပျောပင်စိုက်ပျိုးပွဲကျင်းပ



**ချောင်းဆုံ ဇူလိုင် ၂၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းတွင်းအာဟာရလိုအပ်ချက်များကို ရေရှည်ဖြည့်ဆည်းပေးနိုင်ရန်အတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ငှက်ပျောပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက ကွမ်သဲ(အထက)ကျောင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ(ဥက္ကဋ္ဌ) ဦးဇော်နိုင်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက တစ်သျှူးငှက်ပျောပင် အပင် ၃၆၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှု မရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## တစ်ပတ်တာ ဖတ်စရာ မြန်မာရေးရာ

**ဇူလိုင် ၁၉ ရက်**

### တိုင်းပြည်တိုးတက်ရေး ပြည်သူအားလုံး စုစည်းညီညွတ်စွာ ကြိုးပမ်းရန် လိုအပ်

၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြုပြီးနောက် နိုင်ငံတော်သမ္မတက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုအားလုံး စည်းလုံးညီညွတ်စွာ၊ စည်းကမ်းရှိရှိ၊ စွမ်းအားရှိသမျှ ပါဝင်ကြိုးပမ်းရန် လိုအပ်ကြောင်း ပြောကြားသည်။

**ဇူလိုင် ၂၀ ရက်**

### ပခုက္ကူ မဟာဓာတ်အားလိုင်းတိုင် ဖျက်ဆီးခံရမှုကြောင့် ဓာတ်အားစနစ်ထိခိုက်

ပခုက္ကူမြို့နယ် ပေါင်လောင်ကန်ကျေးရွာအနီး ၁၃၂ ကေဗွီ မဟာဓာတ်အားလိုင်း တိုင်အမှတ်(၃၃၈) မိုင်းထောင်ဖောက် ခွဲဖျက်ဆီးခံရမှုကြောင့် ပခုက္ကူ၊ ရေစကြို၊ မြိုင်နှင့် ကမ္ဘမြို့များသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်မှု ပြတ်တောက်ခဲ့ရသည်။

**ဇူလိုင် ၂၁ ရက်**

### နိုင်ငံဖွံ့ဖြိုးရေးအတွက် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ရန် သမ္မတမှာကြား

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီး တို့မှ အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးတိုးတက်ရေးနှင့် ပညာရေးကဏ္ဍ မြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ပြီး အသိပညာ၊ အတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ရန်လိုအပ်ကြောင်း ပြောကြားသည်။

### မြစ်ကြီးနား-မိုးညှင်း ရထားခရီးစဉ်သစ် စတင်ပြေးဆွဲ

မြစ်ကြီးနား–မိုးညှင်း ရထားလမ်းပိုင်းတွင် အမှတ်(၄၉)အဆန်နှင့် အမှတ်(၅၀)အစုန် လူစီးရထားခရီးစဉ်များကို ဇူလိုင် ၂၁ ရက်မှ စတင်ပြေးဆွဲပြီး ခရီးသွားပြည်သူများ လုံခြုံသက်သာစွာ သွားလာနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

**ဇူလိုင် ၂၂ ရက်**

### ဗီယက်နမ်နှင့် ကာဇက်စတန် သံအမတ်ကြီးများ ခန့်အပ်လွှာပေးအပ်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နှင့် ကာဇက်စတန် သံအမတ်ကြီးများက သံအမတ်ခန့်အပ်လွှာများ ပေးအပ်ခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေး၊ ကုန်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး ဆွေးနွေးခဲ့ကြသည်။

### လျှပ်စစ်ယူနစ် ၃၅ ဒသမ ၇၇၄ သန်း ထုတ်လုပ်မည်

အင်ပူမြို့နယ်ရှိ ကညင်ရေလှောင်တမံ ရေအားလျှပ်စစ်စီမံကိန်းမှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ယူနစ် ၃၅ ဒသမ ၇၇၄ သန်းခန့် ထုတ်လုပ်ကာ အိမ်ထောင်စု ၁၀၅၀၀ ခန့်အတွက် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

**ဇူလိုင် ၂၃ ရက်**

### အာဆီယံထုတ်ပြန်ချက် (၅) ရပ်အပေါ် နိုင်ငံခြားရေးဝန်ကြီးဌာန သဘောထားထုတ်ပြန်

နိုင်ငံခြားရေးဝန်ကြီးဌာနက အာဆီယံထုတ်ပြန်ချက် (၅) ရပ်သည် အဖွဲ့ဝင်နိုင်ငံအားလုံး၏ တူညီဆန္ဒဖြင့် ထုတ်ပြန်ခဲ့ခြင်း မဟုတ်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို အခြေခံကာ အာဆီယံနှင့် အပြုသဘောဆောင်ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်သည်။

**ဇူလိုင် ၂၄ ရက်**

### ရန်ကုန်-ပြည် DEMU ရထားသစ် စတင်ပြေးဆွဲမည်

ရန်ကုန်–ပြည်–ရန်ကုန် ခရီးစဉ်တွင် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားကို ဇူလိုင် ၃၁ ရက်မှ စတင်ပြေးဆွဲမည်ဖြစ်ပြီး ORTP စနစ်ဖြင့် လက်မှတ်များ ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်သည်။

### အိန္ဒိယမှ မြန်မာရေလုပ်သား ၂၆ ဦး ပြန်လည်ရောက်ရှိ

အိန္ဒိယနိုင်ငံ ပို့ဘလဲမြို့တွင် ထိန်းသိမ်းခံထားရသည့် မြန်မာရေလုပ်သား ၂၆ ဦးသည် သက်ဆိုင်ရာ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းဆောင်ရွက်မှုဖြင့် ရန်ကုန်မြို့သို့ ဘေးကင်းစွာ ပြန်လည်ရောက်ရှိခဲ့သည်။

## တစ်ပတ်တာ ဖတ်စရာ ကမ္ဘာရေးရာ

### ဂျပန်တွင် လူ ၁၃၀ ကျော် အစာအဆိပ်သင့်

ဂျပန်နိုင်ငံ တာကာယာမာမြို့ရှိ ဟိုတယ်တစ်ခုတွင် ရိုးရာအစားအစာ စားသုံးပြီး လူ ၇၃ ဦး အစာအဆိပ်သင့်ခဲ့သကဲ့သို့ ဟာချီအိုဂျီမြို့ မူလတန်းကျောင်းတွင်လည်း ကျောင်းသားများနှင့် ဝန်ထမ်းများ စုစုပေါင်း ၅၉ ဦး အစာအဆိပ်သင့်ရာ နှစ်ရက်အတွင်း ဒေသနှစ်ခုတွင် လူ ၁၃၀ ကျော် အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့သည်။

### အန်ဒီ ဘန်းဟမ် ဗြိတိန်ဝန်ကြီးချုပ်သစ်ဖြစ်လာ

၁၀ နှစ်အတွင်း ဗြိတိန်ဝန်ကြီးချုပ် ၇ ဦးမြောက်အဖြစ် လေဘာပါတီခေါင်းဆောင် အန်ဒီဘန်းဟမ်သည် ဇူလိုင် ၁၇ ရက်တွင် ရွေးချယ်ခံခဲ့ရသည်။ သူသည် ၂၀၀၁ ခုနှစ်မှစ၍ လွှတ်တော်အမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ ၂၀၁၇ ခုနှစ်တွင် ဂရိတ်မန်ချက်စတာ မြို့ပြဒေသမြို့တော်ဝန်အဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။

### အမေရိကန်က ကနေဒါသွင်းကုန်အပေါ် အခွန် ၅၀ ရာခိုင်နှုန်းတိုးမြှင့်

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်အစိုးရက ကနေဒါ၏ မမျှတသော ကုန်သွယ်ရေးဆောင်ရွက်မှုများကို တုံ့ပြန်သည့်အတွက်ဟုဆိုကာ အမေရိကန်သို့ တင်သွင်းသည့် ကုန်ပစ္စည်းများအပေါ် အခွန် ၅၀ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံမည်ဟု ဇူလိုင် ၂၁ ရက်တွင် ကြေညာခဲ့သည်။

### ပြင်သစ်၌ ၁၅ နှစ်အောက်ကလေးများ လူမှုကွန်ရက်သုံးခွင့် ပိတ်ပင်

ပြင်သစ်နိုင်ငံတွင် အသက် ၁၅ နှစ်အောက်ကလေးများ လူမှုကွန်ရက် အကောင့်ဖွင့်အသုံးပြုခွင့် တားမြစ်သည့်ဥပဒေကို ဇူလိုင် ၂၁ ရက်တွင် အတည်ပြုခဲ့ပြီး လာမည့်စက်တင်ဘာလမှ စတင်အသက်ဝင်မည်ဖြစ်သည်။

### ကုလအတွင်းရေးမှူးချုပ်သစ် ရွေးချယ်ရေး ယှဉ်ပြိုင်မှုပြင်းထန်လာ

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်၏ နေရာဆက်ခံမည့်သူ ရွေးချယ်ရေးအတွက် ကိုယ်စားလှယ်လောင်း ၆ ဦးက ဇူလိုင် ၂၃ ရက်တွင် ဆွေးနွေးပွဲပြုလုပ်ခဲ့ပြီး ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ မူဝါဒများကို အချေအတင် ဆွေးနွေးခဲ့ကြသည်။

### ကမ္ဘာ့ဘဏ်က တောင်အာဖရိကအား ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ချေးငွေ ပေးအပ်

တောင်အာဖရိက၏ စီးပွားရေးတိုးတက်မှုမြှင့်တင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ရန် ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ချေးငွေပေးအပ်ခဲ့သည်။

### အမေရိကန်နှင့် ဆော်ဒီနျူကလီးယားစွမ်းအင်ဆိုင်ရာပူးပေါင်းမှု လက်မှတ်ရေးထိုး

ဆော်ဒီအာရေဗျနှင့် အမေရိကန်တို့သည် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် ကျွမ်းကျင်ပညာရှင်များ ဖလှယ်ရေးတို့ မြှင့်တင်ရန် ရည်ရွယ်သည့် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

## သနပ်ပင်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**သနပ်ပင် ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၂၅ ရက်က အောက်တကဲကျေးရွာ အထက (ခွဲ) ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသန်းက အမှာစကားပြောကြားသည်။



ထို့နောက် ပြည်သူ့စကားဝိုင်းဆက်လက်ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်မျိုးဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ခံပညာရေးမှူးတို့က ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများနှင့် အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တွံတေးခရိုင်၌ အလယ်တန်းအဆင့်သင် အရည်အသွေးမြှင့်(ဆင့်ပွား)သင်တန်းဖွင့်

**တွံတေး ဇူလိုင် ၂၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင်အတွင်းရှိ အခြေခံပညာ အလယ်တန်းအဆင့် (အတွေ့အကြုံရှိ)ဆရာ ဆရာမများအတွက် ဆရာအတတ်ပညာ တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) level 2 ဆိုင်ရာ အရည်အသွေးမြှင့်(ဆင့်ပွား) ဆွေးနွေးပွဲ သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၅ ရက်က တွံတေးမြို့နယ် ကံဘဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ကံဘဲ)ကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်ပညာရေးမှူး ဒေါ်ဝင်းရည်မွန်က အမှာစကားပြောကြားပြီး သင်တန်းဆရာ ဆရာမများက ဆက်လက်သင်ကြားပို့ချသည်။

အဆိုပါ သင်တန်းကို တွံတေး၊ ကော့မှူး၊ ဒလ၊ ကွမ်းခြံကုန်း၊ ဆိပ်ကြီးခနောင်တို မြို့များမှ အလယ်တန်းပြ ဆရာ ဆရာမ ၃၈၄ ဦး တက်ရောက်ပြီး သင်တန်းနည်းပြ ခုနစ်ဦးတို့က ဇူလိုင် ၂၅ ရက်မှ ၂၇ ရက်အထိ သင်ကြားပို့ချမည်ဖြစ်သည်။ **မျိုးလှိုင်(တွံတေး)**



## မြစ်သားမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**မြစ်သား ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၄ ရက်ကကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့် မြို့နယ်ဥပဒေအရာရှိ ဦးမိုးဇော်တို့က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ပြောကြားသည်။ **ဝါဝါမြင့်(မြစ်သား)**

# အမေရိကန်နှင့် တောင်ကိုရီးယားကုမ္ပဏီတို့ ကန်ဒေါ်လာ ဘီလီယံ ၉၅၀ တန် သဘောတူညီချက်များ လက်မှတ်ရေးထိုး




**ဆိုးလ် ဇူလိုင် ၂၆**

တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုရှိ စီးပွားရေးလုပ်ငန်းရှင်များသည် လာမည့်ငါးနှစ်အတွင်း ချစ်ပ်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချမှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်သွားရန် အမေရိကန်ဒေါ်လာ ဘီလီယံ ၉၅၀ တန်ဖိုးရှိ သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

တောင်ကိုရီးယားသမ္မတ လီဂျေမြောင်သည် ဇူလိုင် ၂၄ ရက်က အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့သို့ရောက်ရှိခဲ့ပြီး အိုးပင်းအေအိုင်(OpenAI)၊ အန်သရောပစ်(Anthropic)နှင့် အင်ဗီဒီယာ (NVIDIA) အပါအဝင် နည်းပညာကုမ္ပဏီကြီးများ၏ အကြီးအကဲများနှင့်သီးခြားစီတွေ့ဆုံမှုများအပြီး တောင်ကိုရီးယားသမ္မတရုံးက အဆိုပါသဘောတူညီချက်များကို ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

သမ္မတ လီဂျေမြောင်သည် မိမိအိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အေအိုင်ထိပ်သီးအစည်းအဝေးတွင် နိုင်ငံ၏ မျှော်မှန်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့ပြင် တောင်ကိုရီးယားနိုင်ငံသည် မမ်မိုရီချစ်ပ်ထုတ်လုပ်မှုတွင် ကမ္ဘာ့ထိပ်တန်း ယှဉ်ပြိုင်နိုင်စွမ်းနှင့် ထုတ်လုပ်မှုစွမ်းရည်တို့ကိုအခြေခံ၍ ယုံကြည်စိတ်ချရသော အေအိုင်ချစ်ပ်ထုတ်လုပ်ရေးနှင့် ကွင်းဆက်ထောက်ပံ့ရေး မိတ်ဖက်နိုင်ငံအဖြစ် ရပ်တည်သွားမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ထို့အပြင် တောင်ကိုရီးယားနိုင်ငံ အနောက်တောင်ပိုင်းတွင် ချစ်ပ်ထုတ်လုပ်ရေးစက်ရုံများ တည်ဆောက်ရန် ဝမ် ၈၀၀ ထရီလီယံ (အမေရိကန်ဒေါ်လာ ၅၄၇ ဘီလီယံခန့်) ရင်းနှီးမြှုပ်နှံမည့် အစီအစဉ်ကို သမ္မတ လီဂျေမြောင်က ပြီးခဲ့သည့်လအတွင်း ထုတ်ပြန်ကြေညာခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## တူနီးရှားနိုင်ငံရှိ စီဒီဘိုဆက်ဒ်ကျေးရွာ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်လာ

**တူးနစ် ဇူလိုင် ၂၆**

တူနီးရှားနိုင်ငံ၏ ထင်ရှားသည့် ကျေးရွာတစ်ခုဖြစ်သော စီဒီဘိုဆက်ဒ် (Sidi Bou Said) ကျေးရွာကို ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ထည့်သွင်းလိုက်ကြောင်း တူနီးရှားနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနက ဇူလိုင် ၂၅ ရက် တွင် ပြောကြားခဲ့သည်။ အဆိုပါဆုံးဖြတ်ချက်ကို




တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ ဇူလိုင် ၁၉ ရက်မှ ၂၉ ရက်အထိ ကျင်းပလျက်ရှိသည့် ယူနက်စကို ကမ္ဘာ့အမွေအနှစ်ကော်မတီ၏ (၄၈)ကြိမ်မြောက် အစည်းအဝေးတွင် ချမှတ်ခဲ့ခြင်းဖြစ်သည်။

စီဒီဘိုဆက်ဒ်ကျေးရွာသည် ထူးခြားအရေးပါသည့် တန်ဖိုးများ၊ ထူးခြားသည့် ဗိသုကာလက်ရာများ၊ ကြွယ်ဝသည့်ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရာစုနှစ်များစွာ ကြာမြင့်ခဲ့သည့် မြေထဲပင်လယ်ဒေသလူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုကို ထင်ဟပ်ပြသနိုင်ခြင်းတို့ကြောင့် ယခုကဲ့သို့ အသိအမှတ်ပြုခံရခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အဆိုပါကျေးရွာကို ၁၄ ရာစုကတည်းက တည်ထောင်ခဲ့ခြင်းဖြစ်ပြီး နှစ်စဉ် နိုင်ငံတကာခရီးသွား ၄ ဒသမ ၅ သန်းခန့်ကို ဆွဲဆောင်နိုင်သည့် နေရာတစ်ခုဖြစ်ကြောင်း အမွေအနှစ်ဆိုင်ရာ ပါမောက္ခနှင့် အကြံပေးဖြစ်သူ ရီဒါရှီလီက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## အာဖဂန်၌ မူးယစ်ဆေးစွဲသူ ၁၀၀ ကျော်ကို ပြန်လည်ထူထောင်ရေးစင်တာသို့ ပို့ဆောင်

**ကဘူးလ် ဇူလိုင် ၂၆**

အာဖဂန်နစ္စတန်နိုင်ငံအလယ်ပိုင်း ဒေးကွန်ဒီပြည်နယ်၌ ရဲတပ်ဖွဲ့က မူးယစ်ဆေးစွဲသူ ၁၀၀ ကျော်ကို စုစည်းကာပြန်လည်ထူထောင်ရေးစင်တာသို့ ပို့ဆောင်ပေးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဇူလိုင် ၂၆ ရက်တွင် ပြောကြားခဲ့သည်။

ပြည်နယ်အတွင်းရှိ မူးယစ်ဆေးစွဲသူ ၇၈ ဦးမှာ ကုသမှုခံယူပြီးနောက် ပြန်လည်ကျန်းမာလာကာ မိသားစုများထံသို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် လွန်ခဲ့သည့် ငါးနှစ်အတွင်း အမျိုးသမီးများနှင့် ကလေးများအပါအဝင် ထောင်နှင့်ချီသည့် မူးယစ်ဆေးစွဲသူများကို ပြန်လည်ထူထောင်ပေးနိုင်ခဲ့ပြီး လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ရောက်နိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## တောင်အာဖရိကမှ ဂါနာနိုင်ငံသားများ ပြန်လည်ခေါ်ယူမှု စတင်

**အက်ခရာ ဇူလိုင် ၂၆**

တောင်အာဖရိကနိုင်ငံ၌ နိုင်ငံခြားသားဆန့်ကျင်ရေး တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေချိန်၌ ဂါနာအစိုးရက မိမိနိုင်ငံသားများကို ပြန်လည်ခေါ်ယူရန် ဆုံးဖြတ်ခဲ့ကြောင်း ဇူလိုင် ၂၅ ရက်တွင် ကြေညာခဲ့သည်။

ပထမအသုတ်အဖြစ် ပြန်လည်ခေါ်ယူမည့် ဂါနာနိုင်ငံသားများသည် ဇူလိုင် ၂၆ ရက်တွင် ဂါနာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ပြီး ဇူလိုင် ၂၇ ရက်တွင်လည်း နောက်ထပ်အသုတ်များ ရောက်ရှိလာမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။


ထုတ်ပြန်ချက်အရ တောင်အာဖရိကနိုင်ငံမှ ဂါနာနိုင်ငံသား စုစုပေါင်း ၁၀၀၀ ခန့်ကို ပြန်လည်ခေါ်ဆောင်သွားရန် ရည်ရွယ်ထားကြောင်း သိရပြီး ပြန်လည်ခေါ်ယူရာတွင် သက်ကြီးရွယ်အိုများ၊ ကလေးများ၊ ဆေးဘက်ဆိုင်ရာကုသမှု လိုအပ်သူများ၊ ကျောင်းသားများနှင့် အမျိုးသမီးများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဂျပန်နိုင်ငံ၏ ရှေးဟောင်းမြို့တော်နှစ်ခုကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင်ထည့်သွင်းရန် ယူနက်စကိုဆုံးဖြတ်

**တိုကျို ဇူလိုင် ၂၆**

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) သည် ဂျပန်နိုင်ငံ၏ ရှေးဟောင်းမြို့တော်များဖြစ်သော အဆုခနှင့် ဖူဂျီဝါရာတို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင်ထည့်သွင်းရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ အဆိုပါဆုံးဖြတ်ချက်ကို တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ ဇူလိုင် ၂၆ ရက်ကကျင်းပသည့် ယူနက်စကို ကမ္ဘာ့အမွေအနှစ်ကော်မတီ အစည်းအဝေးတွင် ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံက နိုင်ငံအနောက်ပိုင်း နာရာခရိုင်ရှိ ရှေးဟောင်းသုတေသနနေရာ ၁၉ ခုကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ထည့်သွင်းပေးရန် အမည်စာရင်းတင်သွင်းခဲ့သည်။ အဆိုပါနေရာများသည် ခြောက်ရာစုနှင့် ရှစ်ရာစုကြားက သမိုင်းဝင်ရှေးဟောင်းနေရာများဖြစ်ပြီး ဧကရာဇ်နန်းတော်၏ အကြွင်းအကျန်များနှင့် ထူးခြားလှပသည့် နံရံဆေးရေးပန်းချီများ ခြယ်သထားသော တာကာမတ်ဆုဇုကာ သင်္ချိုင်းလည်းပါဝင်ကြောင်း




သိရသည်။

အဆုခနှင့် ဖူဂျီဝါရာတို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ထည့်သွင်းရန် ဆုံးဖြတ်လိုက်ခြင်းကြောင့် ဂျပန်နိုင်ငံ၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာ အရေအတွက်မှာ ၂၇ ခုအထိ ရှိလာဖွယ်ရှိသည်။ **အင်န်အိတ်ချ်ကေ**

## ပြင်သစ်နှင့် စပိန်၌ တောမီးလောင်မှုကြောင့် လူသုံးသိန်းကျော် ဘေးလွတ်ရာရွှေ့ပြောင်း

**ပါရီ ဇူလိုင် ၂၆**

ပြင်သစ်နှင့် စပိန်နိုင်ငံတို့၌ တောမီးလောင်မှုများကြောင့် လူပေါင်း ၃၀၀၀၀၀ ကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရပြီး စပိန်နိုင်ငံ အရှေ့ပိုင်းတွင် ဇူလိုင် ၂၅ ရက်က လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

အပူချိန်မြင့်တက်မှုနှင့် ခြောက်သွေ့သည့် ရာသီဥတုအခြေအနေများကြောင့် ဥရောပဒေသအများအပြားတွင် တောမီးလောင်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ပြင်သစ်ဝန်ကြီးချုပ် ဆီဘက်စတီယန် လီကော်နူက လက်ရှိတွင် နိုင်ငံတစ်ဝန်း၌ တောမီးအကြီးစား ၃၀ ခန့် တစ်ပြိုင်နက်လောင်နေကြောင်း ဇူလိုင် ၂၄ ရက်က လူမှုကွန်ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဇူလိုင် ၂၅ ရက် ညပိုင်းတွင် ပြင်သစ်အာဏာပိုင်များက နောက်ထပ် လူပေါင်း ၅၅၀၀၀ ကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန် ညွှန်ကြားခဲ့သဖြင့် နိုင်ငံတစ်ဝန်း ရွှေ့ပြောင်းသူအရေအတွက်မှာ ၂၅၀၀၀၀ ထက်မနည်းရှိလာကြောင်း သိရသည်။ ပြင်သစ်ပြည်ထဲရေးဝန်ကြီး လော်ရန် နူနက်ဇ်က တောမီးကြောင့်မြေဟက်တာ ၄၂၀၀၀ ကျော် လောင်ခဲ့ကြောင်း ဇူလိုင် ၂၆ ရက်က လူမှုကွန်ရက်တွင် ဖော်ပြထားသည်။

စပိန်နိုင်ငံ၌ ဇူလိုင် ၂၃ ရက်တွင် အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာခဲ့ပြီးနောက် မြို့တော် မက်ဒရစ်ဝန်းကျင်ဒေသများ၌ မီးငြှိမ်းသတ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသော်လည်း လက်ရှိအချိန်အထိ မီးလောင်မှုကို ထိန်းချုပ်နိုင်ခြင်း မရှိသေးကြောင်းနှင့် နိုင်ငံအလယ်ပိုင်းတွင် လူပေါင်း ၇၀၀၀၀ ခန့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## ဆိုမာလီယာ၌ အယ်လ်ရှာဘတ်စစ်သွေးကြွ ၁၆ ဦး သေဆုံး

**မိုဂါဒစ်ရှူး ဇူလိုင် ၂၆**

ဆိုမာလီယာနိုင်ငံ၏ အမျိုးသားထောက်လှမ်းရေးနှင့် လုံခြုံရေးအေဂျင်စီ (NISA)သည် နိုင်ငံတကာမိတ်ဖက်များ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်ခဲ့သည့် စစ်ဆင်ရေးအတွင်း အယ်လ်ရှာဘတ်စစ်သွေးကြွ ၁၆ ဦး သေဆုံးခဲ့ပြီး အခြားအဖွဲ့ဝင်တစ်ဦးမှာလည်း ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အလယ်ရှာဘယ်လီနှင့် ဟီရန်ဒေသများရှိ Miirtaqwo နှင့် တာဒိုဒေသတို့ကို ဇူလိုင် ၂၅ ရက် ညနေပိုင်းက ပစ်မှတ်ထား၍ ပူးတွဲစစ်ဆင်ရေးဆောင်ရွက်ခဲ့ရာ အယ်လ်ရှာဘတ်အဖွဲ့၏ ယာဉ်များနှင့် စစ်ရေးအသုံးအဆောင်ပစ္စည်းများကိုလည်း ဖျက်ဆီးနိုင်ခဲ့ကြောင်း NISA က ထုတ်ပြန်ခဲ့သည်။ **ဆင်ဟွာ**

## ကိုလံဘိုမြို့၌ ယခုနှစ်အတွင်း မီးလောင်မှု ၂၅၈ မှု ဖြစ်ပွား

**ကိုလံဘို ဇူလိုင် ၂၆**

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့နှင့် မြို့၏ဆင်ခြေဖုံးဒေသများတွင် ယခုနှစ် ဇန်နဝါရီလမှစ၍ မီးလောင်မှု စုစုပေါင်း ၂၅၈ မှု ဖြစ်ပွားခဲ့ကြောင်း သီရိလင်္ကာနိုင်ငံ မီးသတ်ဌာနက ဇူလိုင် ၂၆ ရက်တွင် ပြောသည်။

လုပ်ငန်းခွင်များတွင် မီးဘေးလုံခြုံရေးဆိုင်ရာ အစီအမံများ မလုံလောက်ခြင်း၊ နေအိမ်များနှင့် လုပ်ငန်းခွင်များတွင် လျှပ်စစ်အသုံးပြုမှုဆိုင်ရာ အန္တရာယ်များရှိခြင်းနှင့် ခြောက်သွေ့သည့် ရာသီဥတုအခြေအနေများသည် မီးလောင်မှုဖြစ်ပွားရသည့် အဓိကအကြောင်းရင်းများဖြစ်ကြောင်း အဆိုပါဌာနက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာရောဂါဖြစ်ပွားသူ ၃၀၀၀ ကျော်ရှိလာ

**ကင်ရှာဆာ ဇူလိုင် ၂၆**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (DRC)တွင် အီဘိုလာရောဂါဖြစ်ပွားသူဦးရေမှာ ၃၀၀၀ ကျော်လွန်လာပြီဖြစ်ကြောင်း ဇူလိုင် ၂၅ ရက်တွင် ထုတ်ပြန်သည့် တရားဝင်အချက်အလက်များအရ သိရသည်။

ကျန်းမာရေးအာဏာပိုင်များ၏ ထုတ်ပြန်ချက်အရ အီဘိုလာရောဂါအတည်ပြုလူနာ ၃၀၇၅ ဦးရှိပြီး ၎င်းတို့အနက် သေဆုံးသူ ၁၃၅၄ ဦးနှင့် ပြန်လည်ကျန်းမာလာသူ ၅၅၆ ဦးရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# နာမည်ကြီးအယ်လာ မူဘာဒါလာဒီစီအိုးပင်း ၃၂ ဦးအဆင့်တွင် ချင်ဝမ်ကျန်းနှင့် ယှဉ်ပြိုင်ရမည်

ဖိလစ်ပိုင်ထိပ်တန်းတင်းနစ်မယ် အလက်ဇန္ဒြား အယ်လာသည် မူဘာဒါလာဒီစီအိုးပင်းတင်းနစ်ပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် နာမည်ကြီး တရုတ်တင်းနစ်မယ် ချင်ဝမ်ကျန်းနှင့် ယှဉ်ပြိုင်သွားရမည်ဖြစ်ကြောင်း သိရသည်။



ယခုပြိုင်ပွဲကို ဒဗလျူတီအေထိပ်တန်းအဆင့် တင်းနစ်မယ်များဖြစ်သည့် ပဲဂူလာ၊ အယ်လီနာစဗစ်တိုလီနာတို့အပြင် နာမည်ကြီးနာအိုမီ အိုဆာကာ၊ ဒိုင်ရာနာ ရှနိုက်ဒါနှင့် ယမန်နှစ် ချန်ပီယံ လေလာဖာနန်ဒက်စ်တို့ ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

အယ်လာသည် ယခုပြိုင်ပွဲမတိုင်မီ နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲတွင် လက်ရှိကမ္ဘာ့အဆင့် (၆) တွင် ရပ်တည်နေသည့် ပိုလန်တင်းနစ်မယ် ဆွီယာတက်ခ်ကို ကျော်ဖြတ်ကာ ၁၆ ဦးအဆင့်အထိ တက်လှမ်းနိုင်ခဲ့သည်။

# ကွင်းလယ်ကစားသမား လီကန်အင်းကို အက်သလက်တီကိုမက်ဒရစ် ခေါ်ယူ



အက်သလက်တီကို မက်ဒရစ်အသင်းသည် ပီအက်စ်ဂျီအသင်းမှ တောင်ကိုရီးယားကွင်းလယ်ကစားသမား လီကန်အင်းကို ပြောင်းရွှေ့ကြေးယူရို သန်း ၄၀ ဝန်းကျင်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဇူလိုင် ၂၅ ရက်တွင် အတည်ပြုခဲ့သည်။

အသက် ၂၅ နှစ်အရွယ် အဆိုပါ ကွင်းလယ်ကစားသမားသည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ၂၀၃၁ ခုနှစ် ဇွန်လအထိရှိမည့် စာချုပ်တစ်ရပ်ကို ချုပ်ဆိုကာ လာလီဂါသို့ တစ်ကျော့ပြန် ရောက်ရှိလာပြီဖြစ်သည်။ လီကန်အင်းသည် ပီအက်စ်ဂျီအသင်းတွင် ပွဲပေါင်း ၁၂၄ ပွဲပါဝင်ကစားထားပြီး ၁၆ ဂိုးသွင်းယူကာ ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်နှင့် လီဂူးဝမ်းဖလား သုံးကြိမ်ဆွတ်ခူးရရှိအောင် စွမ်းဆောင်ထားသည်။

၎င်းသည် အသက် ၁၀ နှစ်အရွယ်တွင် ဗလင်စီယာအကယ်ဒမီသို့ ရောက်ရှိခဲ့ပြီး အသင်းကြီးနှင့်ပွဲဦးထွက်ကို ၂၀၁၈ ခုနှစ်တွင် ကစားခွင့်ရရှိခဲ့သည်။ ယင်းနောက် ၂၀၂၁ ခုနှစ်တွင် မာယော့ကာအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ လီကန်အင်းသည် စပိန်ဘယ်ခံစစ်ကစားသမား အဲလက်စ်ဂရင်မယ်လိုနှင့် ဒိန်းမတ်ကွင်းလယ်ကစားသမား မော်တန်ယူးမန်းတို့ကို ခေါ်ယူပြီးနောက် အက်သလက်တီကိုမက်ဒရစ်အသင်း၏ တတိယမြောက် ခေါ်ယူမှုဖြစ်လာခဲ့သည်။

# လီဗာပူးနှင့် ဒေါ့မွန်အသင်းနည်းပြဟောင်း ကလော့ပ်ကို ဂျာမနီအသင်းနည်းပြအဖြစ် ခန့်အပ်

လီဗာပူးနှင့် ဒေါ့မွန်အသင်းနည်းပြဟောင်း ဂျာဂျင်ကလော့ပ်ကို ဂျာမနီအသင်းနည်းပြအဖြစ် ၂၀၃၀ ပြည့်နှစ်အထိ ခန့်အပ်လိုက်ပြီဖြစ်ကြောင်း ဂျာမနီဘောလုံးအဖွဲ့ချုပ်က ဇူလိုင် ၂၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။



၂၀၂၆ ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းအဆင့်တွင် ပါရာဂွေးအသင်းကို ရှုံးနိမ့်ပြီးနောက် အသင်းမှ ထွက်ခွာသွားသည့် ဂျူလီယန်နဂယ်စမန်း၏ နေရာကို အစားထိုး ခန့်အပ်လိုက်ခြင်းဖြစ်သည်။

ကလော့ပ်သည် ယခင်က မိန့်ဇ်၊ ဒေါ့မွန်နှင့် လီဗာပူးအသင်းတို့ကို နည်းပြခဲ့ဖူးပြီး ဒေါ့မွန်အသင်းနှင့်အတူ ဘွန်ဒက်စ်လီဂါဖလား နှစ်ကြိမ်၊ လီဗာပူးအသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလားနှင့် ပရီမီယာလိဂ်ဖလားတို့ကို ဆွတ်ခူးရရှိအောင် စွမ်းဆောင်ထားနိုင်သည်။ ၎င်းသည် ဂျာမနီအသင်းကို လာမည့် ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ပြိုင်ပွဲ၊ ယူရို ၂၀၂၈ ပြိုင်ပွဲနှင့် ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်သည်။ ၎င်းသည် ဂျာမနီအသင်းနည်းပြအဖြစ် လာမည့် စက်တင်ဘာ ၂၄ ရက် အမ်စတာဒမ်တွင် ယှဉ်ပြိုင်ကစားမည့် နယ်သာလန်အသင်းနှင့်ပွဲစဉ်ကို ပထမဆုံးအကြိမ် တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်သည်။

## နိုင်ငံတကာကစားသမားဘဝမှ အော့တာမန်ဒီ အနားယူ

နီကိုလပ်စ် အော့တာမန်ဒီသည် အာဂျင်တီးနားအသင်းမှ အနားယူကြောင်း ဇူလိုင် ၂၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

အသက် ၃၈ နှစ်အရွယ် အဆိုပါကစားသမားသည် အာဂျင်တီးနားအသင်းအတွက် ၁၃၉ ပွဲ ပါဝင်ကစားထားပြီး ကမ္ဘာ့ဖလားတစ်ကြိမ်နှင့် ကိုပါအမေရိကဖလားနှစ်ကြိမ် ဆွတ်ခူးရရှိအောင် စွမ်းဆောင်ထားနိုင်သူ ဖြစ်သည်။ အော့တာမန်ဒီသည် ကမ္ဘာ့ဖလားနောက်ဆုံး ဗိုလ်လုပွဲစဉ်အဖြစ် အာဂျင်တီးနားက စပိန်ကို ရှုံးနိမ့်ခဲ့သောပွဲစဉ်မှာ အာဂျင်တီးနား အသင်းအတွက် နောက်ဆုံးကစားခဲ့သော ပွဲစဉ်ဖြစ်သည်။ ပေါ်တို၊ မန်စီးတီး၊ ဗလင်စီယာနှင့် ဘင်ဖီကာအသင်းတို့တွင် ကစားခဲ့ဖူးသော အော့တာမန်ဒီသည် နိုင်ငံတကာကစားသမားဘဝမှ အနားယူခဲ့သော်လည်း အာဂျင်တီးနားထိပ်တန်းကလပ် ရေးဗားပလိတ်အသင်းတွင် ဆက်လက်ကစားသွားမည် ဖြစ်သည်။

## နောက်ဆုံးရ အားကစားသတင်းတိုများ

- ✓ ရီးရဲမက်ဒရစ်အသင်းနှင့် စာချုပ်သစ်မချုပ်ဆိုလျှင် အာဆင်နယ်က ဘရာဇီးတောင်ပံကစားသမား ဗင်နီစီးယပ်စ် (၂၆ နှစ်) ကို ခေါ်ယူသွားဖွယ်ရှိသည်။
- ✓ အင်တာမီလန်က စပါးအသင်းမှ အာဂျင်တီးနားခံစစ်ကစားသမား ရိုမီရို (၂၈ နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- ✓ ဂျူဗင်တပ်စ်က မန်ယူအသင်းမှ ပေါ်တူဂီကွင်းလယ်ကစားသမား ဖာနန်ဒက်စ် (၃၁ နှစ်) ကို ခေါ်ယူရန် စောင့်ကြည့်နေသည်။
- ✓ အာဆင်နယ်က အက်သလက်တီကိုမက်ဒရစ်အသင်းမှ အာဂျင်တီးနားတိုက်စစ်ကစားသမား အယ်ဗာရက်ဇ် (၂၆ နှစ်) ကို ဗြိတိန်စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူလိုနေသည်။
- ✓ ချယ်ဆီးက အသင်းမှ အင်္ဂလန်ခံစစ်ကစားသမား ချာလိုဘာ (၂၇ နှစ်) အတွက် ကိုမိုအသင်း၏ တတိယအကြိမ်ကမ်းလှမ်းမှုကို ပယ်ချလိုက်သည်။

■ မိုးဇက်-စုစည်းရေးသားသည်



## အစ်ဆွစ်က ဆဲလ်တစ်မှ မာအဲဒါကို ခေါ်ယူ

အစ်ဆွစ်အသင်းသည် ဆဲလ်တစ်အသင်းမှ ဂျပန်တိုက်စစ်ကစားသမား မာအဲဒါကို သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီ ဖြစ်သည်။

အသက် ၂၈ နှစ်အရွယ် အဆိုပါ တိုက်စစ်ကစားသမားသည် ပရီမီယာလိဂ်ကလပ် အစ်ဆွစ်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၁၀ သန်းဖြင့် ရောက်ရှိလာကြောင်း သိရသည်။

၎င်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ဂျပန်အသင်းတွင် ပါဝင်ကစားခဲ့သူ ဖြစ်သည်။


မာအဲဒါသည် ဆဲလ်တစ်အသင်းတွင် ပွဲပေါင်း ၂၁၂ ပွဲ ပါဝင်ကစားထားပြီး ၇၉ ဂိုးသွင်းယူကာ ဆုဖလားများစွာ ဆွတ်ခူးရရှိအောင် ကူညီပေးထားနိုင်သည်။

အစ်ဆွစ်အသင်းသည် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်တွင် ဆန်းဒါးလန်းအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

# ဝက်စ်ဟမ်းတောင်ပံကစားသမား ဆမ်မာဗီးလ် အယ်ဟီလယ်သို့ ပြောင်းရွှေ့

ဝက်စ်ဟမ်းအသင်းသည် အသင်းမှတောင်ပံကစားသမား ခရစ္စဆန်စီယို ဆမ်မာဗီးလ်သည် ဆော်ဒီ အာရေဗျကလပ် အယ်ဟီလယ်အသင်းသို့ ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

ဝက်စ်ဟမ်းနှင့် အယ်ဟီလယ်အသင်းတို့သည် နယ်သာလန်ကစားသမားအတွက် ကနဦး ပြောင်းရွှေ့ကြေး ပေါင် ၅၅ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ခြင်း ဖြစ်သည်။ အသက် ၂၄ နှစ်အရွယ် လိစ်ဒ်ကစားသမားဟောင်း ဆမ်မာဗီးလ်သည် ဝက်စ်ဟမ်းအသင်းတွင် နှစ်ရာသီကြာ ဖြတ်သန်းခဲ့သူ ဖြစ်သည်။



၎င်းသည် ဝက်စ်ဟမ်းအသင်းအတွက် ပွဲပေါင်း ၅၆ ပွဲပါဝင်ကစားထားပြီး ရှစ်ဂိုးသွင်းယူပေးထားသည်။ ဆမ်မာဗီးလ်သည် နယ်သာလန်အသင်း၏ ကမ္ဘာ့ဖလားပွဲစဉ်များတွင် ပါဝင်ကစားခဲ့သူ ဖြစ်သည်။ ၎င်းသည် ဝီလ်ဆင်၊ ဖာနန်ဒက်စ်တို့ပြီးနောက် ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာသည့် တတိယမြောက် ကစားသမားဖြစ်လာခဲ့သည်။

# နူးကမ့်ကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းခွင်တွင် အသက်ဆုံးရှုံးခဲ့သူ၏ မိသားစုကို ဘာစီလိုနာအသင်း ထောက်ပံ့ကူညီမည်

ဘာစီလိုနာအသင်းသည် အသင်း၏ နူးကမ့်ကွင်းကြီး အဆင့်မြှင့်တင်ပြုပြင်ရေးလုပ်ငန်းခွင်အတွင်း အသက်ဆုံးရှုံးမှုဖြစ်ပွားခဲ့သူ၏ မိသားစုကို ကူညီထောက်ပံ့မှုများ ပေးသွားမည်ဖြစ်သည်။

အသက် ၅၄ နှစ်အရွယ် အဆိုပါ အမျိုးသားသည် ဇူလိုင် ၂၄ ရက်က လုပ်ငန်းခွင်အတွင်း ပြင်းထန်ဒဏ်ရာရရှိကာ သေဆုံးခဲ့ခြင်း ဖြစ်သည်ဟု ကက်တလန်ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောသည်။ အရေးပေါ်ဝန်ဆောင်မှုများကို ကွင်းအတွင်းသို့ ခေါ်ဆောင်ခဲ့သော်လည်း အဆိုပါ အမျိုးသား အသက်ကို ကယ်တင်နိုင်ခြင်း မရှိခဲ့ကြောင်း သိရသည်။ အဆိုပါကွင်းကို ပရိသတ် ၁၀၅၀၀၀ ဦးအထိ ဝင်ဆံ့နိုင်ရန် တိုးချဲ့လုပ်ဆောင်နေခြင်း ဖြစ်သည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ နူးကမ့်ကွင်း အဆင့်မြှင့်တင်ပြုပြင်မှုကို ၂၀၂၃ ခုနှစ် ဇွန်လတွင်စတင်ခဲ့ပြီး ၂၀၂၈ ခုနှစ်အစောပိုင်းတွင် ပြီးဆုံးဖွယ်ရှိကြောင်း သိရသည်။



■ နူးကမ့်ကွင်း အဆင့်မြှင့်တင်ပြုပြင်နေမှုကို တွေ့ရစဉ်။

# ပြောင်းလဲရာသီ လိုက်လျောညီ စိုက်ပျိုးရေးသုတေသနခြေလှမ်းဆီ

**ကမ္ဘာကြီး ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများကို ကြုံတွေ့နေရချိန်တွင် မြန်မာနိုင်ငံသည်လည်း အပူချိန်မြင့်တက်လာခြင်း၊ မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲခြင်း၊ မုန်တိုင်းနှင့် ရေကြီးရေလျှံမှုကဲ့သို့သော သဘာဝဘေးအန္တရာယ်များ မကြာခဏဖြစ်ပွားလာခြင်း စသည့်သက်ရောက်မှုများကို အကြီးအကျယ် ခံစားနေရပါသည်။**

*ဒေါက်တာနီနီတင့် (စိုက်သု)*

> ❖ **ရာသီဥတုပြောင်းလဲမှုသည် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍအတွက် ကြီးမားသော စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါသည်။ သို့သော် စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ဤစိန်ခေါ်မှုကို အခွင့်အလမ်းအဖြစ်ရှုမြင်ပြီး ရာသီဥတုနှင့်ကိုက်ညီသော စိုက်ပျိုးရေးစနစ်တစ်ခုကို တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိ**
>
> ❖ **အနာဂတ်တွင် ခေတ်မီနည်းပညာများ ပိုမိုအသုံးပြုခြင်း၊ သုတေသနလုပ်ငန်းများကို တိုးချဲ့ခြင်း၊ တောင်သူဗဟိုပြုနည်းပညာပြန့်ပွားရေးကို အားပေးခြင်း၊ ခိုင်မာသော ရန်ပုံငွေနှင့် မူဝါဒပံ့ပိုးမှုများ ရရှိစေခြင်းဖြင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနသည် နိုင်ငံ၏ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော စိုက်ပျိုးရေးကဏ္ဍကို အောင်မြင်စွာ တည်ဆောက်နိုင်မည်**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍကို အဓိက မှီခိုအားထားနေရသည့် နိုင်ငံဖြစ်သောကြောင့် ရာသီဥတု ပြောင်းလဲမှု၏ သက်ရောက်မှုများက စားရေရိက္ခာဖူလုံရေး၊ ကျေးလက်နေထိုင်သူများ၏ လူမှုစီးပွားဘဝနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်ခြိမ်းခြောက်နေပါသည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကို လျော့ပါးသက်သာစေရန် ဆောင်ရွက်ခြင်းတို့သည် မြန်မာနိုင်ငံအတွက် အရေးကြီးသော ဦးစားပေးကဏ္ဍများ ဖြစ်လာပါသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ သုတေသနလုပ်ငန်းတာဝန်များတွင် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေးနှင့် လျော့ပါးသက်သာစေရေးသည်လည်း အခြေခံကျသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်သည့် လက်ရှိဆောင်ရွက်နေသော အဓိကလုပ်ငန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**က။ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော စိုက်ပျိုးရေးကဏ္ဍအတွက် သုတေသနနှင့် နည်းပညာဖော်ထုတ်ခြင်း**

**က-၁။ သီးနှံမျိုးသစ်များ မွေးမြူထုတ်လုပ်ခြင်း**

- **မိုးခေါင်ဒဏ်ခံ၊ ရေငတ်ခံ၊ ရေမြုပ်ခံ၊ ရေနေခံ၊ ဆားငန်ဒဏ်ခံ သီးနှံမျိုးများ။** စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ၊ ကြံသီးနှံများတွင် ရာသီဥတုဖောက်ပြန်မှုဒဏ်များကို ခံနိုင်ရည်ရှိသော မျိုးသစ်များရရှိရန် မျိုးကူးစပ်မွေးမြူခြင်း၊ မျိုးရွေးချယ်ခြင်း၊ အထွက်ယှဉ်ပြိုင် စမ်းသပ်ခြင်း၊ တောင်သူသရုပ်ပြကွက်များ စိုက်ပျိုးပြသခြင်း၊ မျိုးသစ်မှတ်ပုံတင်ခြင်းနှင့် မျိုးပွားများခြင်း စသည့် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။
- ဥပမာအားဖြင့် သက်တမ်းတို စပါးမျိုးများ၊ ကုန်းတွင်း ဆားပေါက်သောနေရာများနှင့် ပင်လယ်ရေဝင်ရောက်သော နေရာများတွင် ဆားငန်ဒဏ် ခံနိုင်ရည်ရှိသော စပါးမျိုးများကို သုတေသနပြု ဖော်ထုတ်လျက်ရှိပါသည်။ ထို့ပြင် စပါးသီးနှံအတွက် ရေငတ်ဒဏ်ခံနိုင်ရည်ရှိသော ယာစပါးများ၊ ရေအနည်းလို စပါးများ၊ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွင် အဓိက စိုက်ပျိုးသော မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပြောင်း၊ ဂျုံ၊ ဝါ စသည့်သီးနှံများအတွက်ရေငတ်ဒဏ်ခံနိုင်ရည်ရှိသော မျိုးသစ်များ ရရှိစေရန် သုတေသနပြု ဆောင်ရွက်လျက်ရှိပါသည်။
- **အပူဒဏ်ခံနိုင်ရည်ရှိသောမျိုးများ။** အပူချိန်မြင့်တက်လာမှုကြောင့် သီးနှံအထွက်နှုန်း ထိခိုက်မှုမရှိစေရန် အပူဒဏ်ခံနိုင်ရည်ရှိသော မျိုးများ (ဥပမာ- ဂျုံမျိုး၊ ကုလားပဲမျိုးများ) ကို သုတေသနပြု ဖော်ထုတ်လျက်ရှိပါသည်။
- **ရောဂါပိုးမွှားဒဏ် ခံနိုင်ရည်ရှိသောမျိုးများ။** ရာသီဥတုပြောင်းလဲမှုကြောင့် ရောဂါပိုးမွှားများ၏ပုံစံနှင့် ပျံ့နှံ့မှုများ ပြောင်းလဲနိုင်သောကြောင့် ၎င်းတို့ကို ခံနိုင်ရည်ရှိသော သီးနှံမျိုးများကိုလည်း သုတေသနပြု ဖော်ထုတ်လျက်ရှိပါသည်။

**က-၂။ ရာသီဥတုနှင့် သဟဇာတဖြစ်စေသော စိုက်ပျိုးနည်းစနစ်များ**

- **ရေချွေတာသုံးစွဲသည့် ရေစီမံခန့်ခွဲမှုနည်းစနစ်များ။** ရေရှားပါးလာမည့် အခြေအနေအတွက် စိုက်ပျိုးရေကို ပိုမိုထိရောက်စွာ အသုံးပြုနိုင်သည့် နည်းစနစ်များ (ဥပမာ – စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် စိုတစ်လှည့်ခြောက်တစ်ခါ ရေထိန်းစနစ်အသုံးပြုခြင်း (Alternate Wetting and Drying – AWD)၊ သီးနှံအထွက်နှုန်းတိုးတက်စေရန်နှင့် ရေစီမံခန့်ခွဲမှုစနစ်များကို အကောင်းဆုံးဖြစ်စေရန်အတွက် သီးနှံအလိုက် လိုအပ်သော ရေပမာဏကို တိကျစွာတွက်ချက်သတ်မှတ်ခြင်းသုတေသနလုပ်ငန်းများ၊ အဓိကသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် ရေအသုံးချမှုစွမ်းရည်မြှင့်တင်ရန်အတွက် နည်းပညာသစ်များ ဖော်ဆောင်ခြင်း သုတေသနလုပ်ငန်းများ၊ မြေဆီလွှာအစိုဓာတ် ထိန်းသိမ်းခြင်းနှင့် ရေအသွင်းအထုတ် မျှခြေနည်းပညာများမှတစ်ဆင့် သီးနှံထွက်နှုန်း တိုးတက်စေခြင်း သုတေသနလုပ်ငန်းများ၊သက်ဆိုင်ရာနည်းပညာများကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် သီးနှံအထွက်နှုန်းနှင့် ရေ၏ထုတ်လုပ်မှုစွမ်းအားကို အမြင့်ဆုံးဖြစ်စေရန် ခေတ်မီရေသွင်းနည်းပညာများကို အသုံးချဆောင်ရွက်ခြင်း သုတေသနလုပ်ငန်းများကို သုတေသနပြု ဆောင်ရွက်လျက်ရှိပါသည်။
- **မြေဆီလွှာ ကျန်းမာရေးနှင့် ကာဗွန်ထိန်းသိမ်းမှု။** မြေဆီလွှာ၏ ဇီဝမျိုးစုံမျိုးကွဲနှင့် မြေဆီလွှာအတွင်း ကာဗွန်ဓာတ် ထိန်းသိမ်းမှုကို အားပေးသည့် သီးနှံအကြွင်းအကျန်များကို မီးရှို့ခြင်းမှ ရှောင်ကြဉ်ပြီး မြေကြီးထဲသို့ ပြန်လည်ထည့်သွင်းပေးခြင်း သုတေသနလုပ်ငန်းများ၊ သီးလှည့်စိုက်ပျိုးခြင်း၊ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း သုတေသနလုပ်ငန်းများ၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် မြေဆီလွှာကျန်းမာရေး ဖွံ့ဖြိုးတိုးတက်စေမည့် နည်းပညာ သုတေသနလုပ်ငန်းများ၊ ရာသီဥတုဒဏ်ကြံ့ကြံ့ခံနိုင်သော ဘက်စုံအာဟာရဓာတ် စီမံခန့်ခွဲမှုဆိုင်ရာ သုတေသနလုပ်ငန်းတို့ကို တိုးမြှင့်သုတေသနပြု ဆောင်ရွက်လျက်ရှိပါသည်။

**ခ။ စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် နည်းပညာပြန့်ပွားရေး**

- **တောင်သူများအား အသိပညာပေးခြင်းနှင့် လေ့ကျင့်ပေးခြင်း။** ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော စိုက်ပျိုးနည်းစနစ်များ၊ မျိုးသစ်များနှင့် ပတ်သက်၍ တောင်သူများ သိရှိစေရန်နှင့် လက်တွေ့အသုံးချနိုင်စေရန် ကွင်းသရုပ်ပြပွဲများ စိုက်ပျိုးပြသခြင်း၊ တောင်သူများ၏ စိုက်ခင်းတွင် တောင်သူအခြေပြု သုတေသနစခန်းများ ပြုလုပ်၍ စိုက်ပျိုးပြသခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။
- **သုတေသနပညာရှင်များ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း။** ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ခေတ်မီသုတေသနနည်းပညာများ၊ အချက်အလက် ခွဲခြမ်းစိတ်ဖြာခြင်း နည်းစနစ်များကို ပြည်တွင်း/ပြည်ပ သင်တန်းများမှတစ်ဆင့် သုတေသနပညာရှင်များအား လေ့ကျင့်သင်ကြားပေးနိုင်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။
- **သတင်းအချက်အလက် ထုတ်ပြန်ဖြန့်ဝေခြင်း။** ရာသီဥတုနှင့် ကိုက်ညီသော စိုက်ပျိုးနည်းလမ်းများနှင့် သီးနှံမျိုးသစ်များဆိုင်ရာ အချက်အလက်များကိုတောင်သူများ၊ပညာပေးဝန်ထမ်းများနှင့် သက်ဆိုင်သူများအား အချိန်နှင့်တစ်ပြိုင်တည်း သိရှိနိုင်စေရန် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် နှစ်စဉ်သုတေသန တွေ့ရှိချက်များကို ဖြန့်ဝေနိုင်ရန်အတွက် သုတေသနဂျာနယ်များ၊ သုတေသနညီလာခံများ၊ တောင်သူရုပ်သံချန်နယ်၊ အပတ်စဉ်တောင်သူ နည်းပညာဖိုရမ်များ ကျင်းပ၍ ဆောင်ရွက်လျက်ရှိပါသည်။

**ဂ။ ပူးပေါင်းဆောင်ရွက်မှုနှင့် မူဝါဒ ပံ့ပိုးမှု**

စိုက်ပျိုးရေးသုတေသနဦးစီးဌာနသည် အခြားသော နိုင်ငံတကာသုတေသနနှင့် ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော စိုက်ပျိုးရေး စီမံကိန်းများ၊ စွမ်းဆောင်ရည် မြှင့်တင်ရေးအစီအစဉ်များ အကောင်အထည်ဖော်နိုင်ခြင်းနှင့် နိုင်ငံတကာ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် သုတေသနပညာရှင်များ၏ ဘွဲ့လွန်သင်တန်းများ၊ ကာလတိုသင်တန်းများကို စေလွှတ်နိုင်မည် ဖြစ်ပါသည်။

- **ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ အခြားဦးစီးဌာနများနှင့် တက္ကသိုလ်များ (ဥပမာ- စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ မွေးမြူရေးသုတေသနဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန)၊ ပြည်ပရှိ သုတေသနအဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့် ပူးပေါင်း၍ ဘက်ပေါင်းစုံမှ ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။
- **အမျိုးသားမူဝါဒများနှင့် မဟာဗျူဟာများ ပံ့ပိုးခြင်း။** မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ(MCCP)၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ (MCCS)၊ အမျိုးသား လိုက်လျောညီထွေဖြစ်စေရန် စီမံချက် (NAPA)နှင့် နိုင်ငံတော်မှ ဆောင်ရွက်ရန် ရည်မှန်းချက်များ (NDC)၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း(Myanmar Sustainable Development Plan – MSDP)(၂၀၁၈-၂၀၃၀)- MSDP တို့တွင် စိုက်ပျိုးရေးကဏ္ဍမှ ပံ့ပိုးပေးနိုင်မည့် အခန်းကဏ္ဍများကို ဖော်ထုတ်ခြင်း၊ သုတေသနရလဒ်များကို မူဝါဒချမှတ်ရာတွင် အသုံးပြုနိုင်ရန် ပံ့ပိုးပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

